# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၉)ရက် ၊ စနေနေ့ ၊ (13-12-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၂၇)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး၊
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ လှုပဝေစည် တို့တိုင်းပြည်တွက် ကိုယ်စီဆန္ဒ မဲပေးကြ။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား



**နေပြည်တော် ဒီဇင်ဘာ ၁၂**

တပ်မတော်၏ အမျိုးသမီးစစ်မှုထမ်းများ၏ အခန်းကဏ္ဍကို အားသစ်လောင်းမည့် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)

**စာမျက်နှာ ၁၆ ကော်လံ ၁** ⚐

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း ဆွေဇင်ဖြိုးဝေအား ဆုပေးအပ်ချီးမြှင့်စဉ်။




ရတနာပုံ
၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်
အယ်ဒီတာ့အာဘော်

# ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်နေသော သမားဇာနည်များ

"အာရောဂျံ ပရမံလာဘံ" ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဟူသည့်အတိုင်း လူတိုင်းကျန်းမာမှသာ ပညာရေး၊ စီးပွားရေး စသည့်လူမှုကိစ္စအဝဝတို့ကို စွမ်းဆောင်နိုင်မည်ဖြစ်သည်။ ကျန်းမာရေးကောင်းမွန်စေရန် လူတစ်ဦးတစ်ယောက်ချင်းစီက မိမိတို့၏ အနေအထိုင်၊ အပြုအမူများကို ဆင်ခြင်သင့်သကဲ့သို့ ကျန်းမာရေးချို့ယွင်းပါကလည်း အချိန်မီကျန်းမာရေးစောင့်ရှောက်မှုများ ခံယူကြရန်လိုအပ်သည်။ ကျန်းမာရေးစောင့်ရှောက်မှုများ အချိန်မီဆောင်ရွက်ပေးနိုင်ရန်အတွက် ဆရာဝန်ကောင်းများ ရှိနေရမည်ဖြစ်သည်။

မျက်မှောက်ခေတ် နိုင်ငံတော်၏ကာကွယ်ရေးမဟာဗျူဟာဖြစ်သော ပြည်သူ့စစ်မဟာဗျူဟာကျင့်သုံးအကောင်အထည်ဖော်ရာတွင် ပြည်သူတစ်ရပ်လုံးကျန်းမာကြံ့ခိုင်စွာဖြင့် ပါဝင်နိုင်ရေးအတွက် ပြည်သူတို့၏ကျန်းမာရေး၊ ဆေးဝါးကုသမှုနှင့်စောင့်ရှောက်မှုများကို လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်မှသာလျှင် နိုင်ငံတော်က ချမှတ်ထားသည့် ပြည်သူ့စစ်မဟာဗျူဟာကို အကောင်အထည်ဖော်နိုင်မည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာကြံ့ခိုင်ပြီး နိုင်ငံအတွက်အားကိုးရသည့် လူသားအရင်းအမြစ်ပြည့်ဝစွာရရှိနိုင်မည်ဖြစ်သည်။

**"တပ်မတော်ဆေးတက္ကသိုလ်က မွေးထုတ်ပေးလိုက်သည့် ဆေးမှူးအရာရှိများအနေဖြင့် မိမိတို့တာဝန်ကျရာတပ်အသီးသီးတွင်ရှိသည့် တပ်မတော်သားများ၊ တပ်မတော်သားမိသားစုဝင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများသာမက ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုပါ ထိထိရောက်ရောက်လုပ်ဆောင်ပေးလျက်ရှိနေကြောင်း"**စသည်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ဒီဇင်ဘာ ၁၀ ရက်က တပ်မတော်ဆေးတက္ကသိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

ထိုသို့ တပ်မတော်ဆေးတက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် တပ်မတော်သားဆရာဝန်များသည် သင်ကြားပေးလိုက်သော ဆေးသိပ္ပံပညာရပ်များဖြင့် တပ်မတော်သားအရာရှိ၊ စစ်သည်၊ မိသားစုဝင်များသာမက ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ပေးရာတွင် "စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ"ဟူသည့်ဆောင်ပုဒ်နှင့်အညီ စေတနာတရား၊ အကြင်နာတရားအပြည့်ဖြင့် ပြုစုစောင့်ရှောက်လျက်ရှိသည့်အပြင် ကိုယ်စီကျန်းမာရေးသတိမြင့်မားလာအောင် အသိပညာဖြန့်ဝေပေးခြင်း၊ ကြိုတင်ကာကွယ်မှုနှင့် ကုသမှုဆိုင်ရာပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးတပ်ဖွဲ့ဝင်များဖြင့် လိုက်လံဆေးကုသမှု၊ နယ်လှည့်ဆေးကုသရေးယာဉ်များ၊ ပင်လယ်သွားဆေးရုံရေယာဉ်၊ မြစ်တွင်းသွားဆေးရုံရေယာဉ်တို့ဖြင့် ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုတို့ကို တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ တပ်မတော်ဆေးတက္ကသိုလ်မှမွေးထုတ်ပေးလိုက်သည့် တပ်မတော်သားဆရာဝန်များသည် တပ်မတော်သားများနှင့် မိသားစုဝင်များအတွက်သာမက တာဝန်ကျရာဒေသအသီးသီးရှိ ပြည်သူလူထုကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် စေတနာတရား၊ အကြင်နာတရားအပြည့်ဖြင့် ပြုစုစောင့်ရှောက်လျက်ရှိသည့် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော သမားဇာနည်အောင်စစ်သည်များပင် ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ရွေးကောက်ပွဲကျင်းပရန် ၁၅ ရက် သာ လိုတော့သည်။
လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)
ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉
မန္တလေး ☎ ၀၂-၂၈၃၀၄၂၃
ရန်ကုန်လိပ်စာ
အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။
လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။
မန္တလေးလိပ်စာ
ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။

# ဇန်းမောက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ ဒီဇင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၂၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဇန်းမောက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၄၂၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၂၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဇန်းမောက်မြို့နယ်မှာ မြေပဲဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်စိုက်ပျိုးလာကြပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ဇန်းမောက်မြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ကုန်ကျစရိတ် ငွေကျပ် နှစ်သိန်းကျော်ရှိကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငွေတိုးစပါး တင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဒီဇင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငွေတိုးစပါး တင်းရေ ၇၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ဆန်စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေကေခိုင်က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ငွေတိုးစပါး တင်းရေ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် နိုဝင်ဘာလအတွင်း ငွေတိုးစပါး တင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ညောင်တုန်းမြို့နယ်ကနေ ငွေတိုးစပါး တင်းရေ ၇၀၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ငွေတိုးစပါးက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ လက်ရှိ စပါးဈေးက ငြိမ်နေပါတယ်။ ငွေတိုးစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ တင်ပို့ ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိပါဘူး"ဟု ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေကေခိုင် ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငွေတိုးစပါး တင်းရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့သည့်အတွက် စပါးစိုက်ပျိုးတောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိအဆင်ပြေလျက်ရှိကြောင်း၊ အဆိုပါတင်ပို့ရောင်းချခဲ့သည့် ငွေတိုးစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၃၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# နတ်မောက်မြို့နယ် မရိုးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဒီဇင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးလာကာ ကျေးလက်နေပြည်သူများ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန် ရည်ရွယ်၍ မရိုးတောကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးနှင့် ဝန်ထမ်းများက မရိုးတောကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၃၇ သန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မရိုးတောကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် ၁၈ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦးကို ငွေကျပ် ၁၇ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ်တစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုလေး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ မန္တလေးမြို့ ၈၄ လမ်း၊ ၂၉ လမ်းနှင့် လမ်း ၃၀ ကြားနေ ဒေါ်ခင်မမက မွေးနေ့အထိမ်းအမှတ်အဖြစ် ကျောက်ကပ်ဆေးနေသော သံဃာတော်၊ သီလရှင်များအတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်က လက်ခံရယူစဉ်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧက ၆၀၁၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ချောင်းဦး ဒီဇင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧက ၆၀၁၀ ထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၁၅၀၀၅ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၆၀၁၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၇ ဒသမ ၀၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ စပါး ၁၅၀၀၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ အခုလက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၆၀၁၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်ဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

# သဲကုန်းမြို့နယ် ရပ်သာ(ဝါးလည်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သဲကုန်း ဒီဇင်ဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရပ်သာ(ဝါးလည်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်နှင့် ဝန်ထမ်းများက ရပ်သာ(ဝါးလည်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာ ငွေစာရင်းဇယားများ ဖြည့်သွင်းထားရှိမှုအခြေအနေများနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း အမှန်တကယ် လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ရပ်သာ(ဝါးလည်) ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၉ ဒသမ ၃၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၂ ဦးကို ငွေကျပ် ၂၇ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၆ ဒသမ ၅၅ သန်း ထုတ်ချေးပေးထားကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်က ပြောပြ၍ သိရသည်။

**အေးမြတ်**

# ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့်နိုဝင်ဘာလအတွင်း ခရီးသွားဧည့်သည် ၁၈၅၈၅ ဦးထိ လာရောက်လည်ပတ်ခဲ့

**ငပုတော ဒီဇင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ တင်းချောင်းကျေးရွာအနီးရှိ ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့် နိုဝင်ဘာလအတွင်း ခရီးသွားဧည့်သည် ၁၈၅၈၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်နီနီမာက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ငွေတောင်ကမ်းခြေသို့ အောက်တိုဘာလအတွင်းက ခရီးသွားဧည့်သည် ၁၇၄၅၅ ဦးသာ လာရောက်လည်ပတ်ခဲ့ပြီး နိုဝင်ဘာလအတွင်း ခရီးသွားဧည့်သည် ၁၈၅၈၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း ငွေတောင်ကမ်းခြေကို ခရီးသွားဧည့်သည် ၁၈၅၈၅ ယောက်ထိ လာရောက်လည်ပတ်ခဲ့ပါတယ်။ ပွင့်လင်းရာသီအစဖြစ်တာကြောင့် ခရီးသွားတွေ တိုးလာတယ်။ ရန်ကုန်နဲ့ နေပြည်တော်အပါအဝင် ပြည်တွင်းခရီးသွားတွေ များပါတယ်။ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်၊ အလုပ်ပိတ်ရက်တွေမှာ အများဆုံးလာရောက်ခဲ့ပါတယ်။ လက်ရှိလဲ လာရောက် လည်ပတ်တဲ့သူတွေ များနေပါတယ်။ ခရီးသွားတွေကို စနစ်တကျ ဝန်ဆောင်မှုပေးနေပါတယ်"ဟု ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်နီနီမာက ပြောပြသည်။

ငွေတောင်ကမ်းခြေသို့ နိုဝင်ဘာလအတွင်း လာရောက်လည်ပတ်အပန်းဖြေသည့် ခရီးသွားဧည့်သည်များသည် ရန်ကုန်တိုင်းဒေသကြီးမှ အများဆုံးဖြစ်ကြောင်း၊ အဆိုပါကမ်းခြေသို့ လာရောက်အပန်းဖြေသည့် ခရီးသွားဧည့်သည်များ ခရီးစဉ်အဆင်ပြေစေရန်၊ သန့်ရှင်းမှုရရှိစေရန်၊ စနစ်တကျအနားယူနိုင်ရန် လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး စသည့်လုပ်ငန်းများကို ခရီးသွားလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဆေးဖက်ဝင်သီဟိုဠ်စေ့

ဒေါက်တာလပြည့်ခင်

**သီဟိုဠ်ပင်မူလဇစ်မြစ်**

သီဟိုဠ်ပင်၏ မူလပေါက်ရောက်ရာဒေသသည် တောင်အမေရိကတိုက်၏ အပူပိုင်းဒေသများနှင့် အနောက်အိန္ဒိယကျွန်းစုဖြစ်သည်။ ၁၅ ရာစုနှစ်တွင် ပေါ်တူဂီသာသနာပြုများမှ ယူဆောင်လာခဲ့သဖြင့် သီဟိုဠ်ပင်သည် တောင်အမေရိကတိုက်မှ အာဖရိကတိုက်အရှေ့ပိုင်းနှင့် အိန္ဒိယနိုင်ငံ သီဟိုဠ်ကျွန်းသို့ ရောက်ရှိလာခဲ့ပြီး ထိုဒေသများရှိ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် သီဟိုဠ်ပင်များ ကောင်းစွာဖြစ်ထွန်းရာမှ အခြားအပူပိုင်းဒေသများသို့ ပျံ့နှံ့ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအောက်ပိုင်းတွင် ဂဝံမြေများတွင် သီဟိုဠ်ပင်များကောင်းစွာ ဖြစ်ထွန်းကြောင်းတွေ့ရပြီး အထူးသဖြင့် တနင်္သာရီနှင့် ရခိုင်ကမ်းရိုးတန်းဒေသများတွင် ပိုမိုဖြစ်ထွန်းသည်။ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တွင် အလေ့ကျပေါက်ပြီး သီဟိုဠ်တောဖြစ်နေသည်ကို တွေ့ရသည်။ သီဟိုဠ်ပင်သည် ကမ်းရိုးတန်းဒေသများ၌ ပေါက်ရောက်ဖြစ်ထွန်းသည်ဆိုသော်လည်း မြေပြင်အထက်အမြင့်ပေ ၃၀၀၀ ထိရှိသော အရပ်ဒေသများတွင်လည်း ပေါက်ရောက်နိုင်သော်လည်း နှင်းပေါက်နှင်းဒဏ်ကိုမခံနိုင်ပေ။ ပဲခူးနှင့်ဧရာဝတီတိုင်းတို့တွင်လည်း သီဟိုဠ်ပင်များ ပေါက်ရောက်သည်ကိုတွေ့ရသည်။

သီဟိုဠ်စေ့က စားနိုင်သကဲ့သို့ သီဟိုဠ်သီး၊ သီဟိုဠ်ရွက်တို့မှာလည်းစားသုံးနိုင်ပြီး ဆေးဖက်လည်းအလွန်ဝင်သည်။ သီဟိုဠ်သီးကို ငါး၊ ကင်ပွန်းချဉ်ရွက်တို့နှင့်ချဉ်ဟင်းချက်စားလေ့ရှိပြီး သံပုရာသီးနှင့်ဖျော်သောက်ပေးနိုင်သည်။ သီဟိုဠ်သီးကမှည့်လေ အရသာကောင်းလေဖြစ်သော်လည်း ဖန်ခြင်း၊လေချုပ်ခြင်းများဖြစ်တတ်သောကြောင့် ဂရုစိုက်စားသုံးသင့်သည်။

**သီဟိုဠ်စေ့၏အာဟာရတန်ဖိုးများ**

သီဟိုဠ်စေ့သည် အာဟာရဓာတ်ပြည့်ဝသည့်အပြင် ကော့ပါး (Cu)၊ ကယ်လ်စီယမ် (Ca)၊ မဂ္ဂနီစီယမ် (Mg)၊ သံဓာတ် (Fe)၊ ပိုတက်စီယမ် (K) နှင့် ဇင့်(Zn) အပါအဝင် သတ္တုဓာတ်များနှင့် ပရိုတင်းများပါဝင်သည်။ ထို့ပြင် ဗီတာမင် C၊ ဗီတာမင် B1 (Thiamin)၊ ဗီတာမင် B2 (Riboflavin)၊ ဗီတာမင် B3 (Niacin)၊ ဗီတာမင် B6၊ ဖောလိတ် (Folate)၊ ဗီတာမင် E (Alpha-Tocopherol)နှင့် ဗီတာမင် K (Phylloquinone) တို့ပါဝင်ပြီး သင့်တင့်စွာစားသုံးမည်ဆိုပါက မိုနိုမပြည့်ဝအဆီများ (Monounsaturated Fats) နှင့် ပိုလီမပြည့်ဝအဆီများ (Polyunsaturated Fats) အကျိုးပြုကိုလက်စထရောများကို ကောင်းမွန်စွာ ထိန်းသိမ်းနိုင်သည်။ သီဟိုဠ်စေ့ကပေးသည့် ကျန်းမာရေးအကျိုးကျေးဇူးများကို ဆက်လက်ဖော်ပြလိုသည်။

**တစ်နေ့တာလုံးတက်ကြွလန်းဆန်းစေခြင်း**

သီဟိုဠ်စေ့တွင် ဗီတာမင် E၊ ဗီတာမင် A၊ ဗီတာမင် B6၊ ကော့ပါး (Cu)၊ ဇင့် (Zn)နှင့် သံဓာတ် (Fe) များ ပါဝင်သောကြောင့် တစ်နေ့တာလုံး တက်ကြွလန်းဆန်းစေနိုင်သည်။

**နှလုံးရောဂါကိုကာကွယ်ပေးခြင်း**

သီဟိုဠ်စေ့သည် ကျန်းမာရေးနှင့်ညီညွတ်သည့် Dietary Fats များပါဝင်ပြီး အဆီတွင် ပျော်ဝင်လွယ်သည့် ဗီတာမင် A၊ ဗီတာမင် D၊ ဗီတာမင် E နှင့် ဗီတာမင် K တို့ကိုစုပ်ယူပြီး ဦးနှောက်ဖွံ့ဖြိုးမှုနှင့် သွေးခဲပိတ်ဆို့ခြင်းအတွက် အရေးပါသည့်အကျိုးပြုအဆီများ၊ ဦးနှောက်ဖွံ့ဖြိုးမှုနှင့် သွေးခဲပိတ်ဆို့မှုအတွက် အဓိကကျသည့် Monounsaturated Fats (MUFA) နှင့် Polyunsaturated Fats (PUFA) စသည့် အဆီအက်စစ်များပါဝင်သည်။ စားသုံးပုံစံမှန်ကန်မည်ဆိုပါက အဆိုပါအဆီဓာတ်များသည် ဆိုးကျိုးပေးသည့် ကိုလက်စထရော (LDL Cholesterol) များကို လျှော့ချပေးနိုင်ပြီး နှလုံးအတွက်အကျိုးပြုသည်။ သီဟိုဠ်စေ့တွင်း၌ နှလုံးကျန်းမာရေးအတွက် လိုအပ်သည့်ဗီတာမင်နှင့်သတ္တုဓာတ်များ ကြွယ်ဝစွာပါဝင်မှုကြောင့် နှလုံးအားနည်းသူများ သီဟိုဠ်စေ့ကိုပုံမှန်စားသုံးပေးသင့်သည်။

**ကြွက်သားနှင့်အာရုံကြောအားကောင်းစေခြင်း**

သီဟိုဠ်စေ့တွင် အရိုး၊ ကြွက်သား၊ တစ်ရှူးနှင့် ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းများ ကျန်းမာဖွံ့ဖြိုးမှုအတွက်အရေးပါသည့် မဂ္ဂနီစီယမ်ဓာတ်ပါဝင်သော



ကြောင့် သွေးဖိအားကိုထိန်းညှိပေးပြီး ကိုယ်ခံအားနှင့်အာရုံကြောလုပ်ဆောင်ချက်များ ကောင်းမွန်စေသည့်အပြင် သကြားဓာတ်ကို မှန်ကန်စေသည်။ သီဟိုဠ်စေ့တွင် ပရိုတင်းပါဝင်မှုက ကြွက်သားများသန်မာစေရန် အထိရောက်ဆုံး အားဖြည့်ပေးနိုင်ပြီး အရိုးများကို လည်းသန်မာစေသည်။

**ကိုယ်အလေးချိန်လျှော့ချပေးစေနိုင်ခြင်း**

သီဟိုဠ်စေ့က သွေးတွင်းကိုလက်စထရောကို ထိန်းညှိပေးပြီး နှလုံးကျန်းမာစေနိုင်သကဲ့သို့ အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်နေမှုကြောင့် အဆာခံနိုင်စေနိုင်ပြီး ကိုယ်အလေးချိန်ကိုလည်း ထိန်းညှိပေးနိုင်သည်။ သီဟိုဠ်စေ့တွင် Omega 3 Fatty Acid ပါဝင်သည့်အပြင်ဇိတ်ကျခြင်းကို အထောက်အကူဖြစ်စေသည့် Metabolism ကိုလည်း တိုးမြှင့်ပေးနိုင်သောကြောင့် အဆီပိုများကို ဖယ်ရှားရာတွင် အထောက်အကူဖြစ်စေသည်။

**ဆီးချိုသွေးချိုအန္တရာယ်လျော့နည်းစေခြင်း**

သီဟိုဠ်စေ့တွင် ကာဘိုဟိုဒရိတ် (ကစီဓာတ်) အလွန်နည်းသည့်အပြင် ဖိုက်ဘာ(Fiber) ဓာတ်များကြွယ်ဝစွာပါဝင်ခြင်းကြောင့် ဆီးချို၊ သွေးချိုရောဂါများမဖြစ်နိုင်ပေ။ သကြားဓာတ်နှင့် မကောင်းသည့် ကိုလက်စထရောပါဝင်မှု နည်းပါးလွန်းသောကြောင့်လည်း ဆီးချိုဝေဒနာသည်များအတွက် ဘေးဥပဒ်ကင်းစေသည်။ ရောဂါမရှိသေးသူများအနေဖြင့်လည်း အမျိုးအစား - ၂ ဆီးချိုရောဂါဖြစ်နိုင်သည့် အန္တရာယ်လည်းနည်းပါးစေသည်။ ဆီးချိုဝေဒနာရှင်များလည်း ဆီးချိုပမာဏပေါ်မူတည်ပြီး ချင့်ချိန်၍ စားသုံးပေးနိုင်သည်။

**ကင်ဆာဆေးများကိုထိရောက်စေခြင်း**

သီဟိုဠ်စေ့တွင် Anacardic Acids၊ Cardanol နှင့် Cardols တို့ကဲ့သို့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ကြွယ်ဝစွာပါဝင်မှုကြောင့် အကျိတ်နှင့်ကင်ဆာရောဂါ ကုသမှုခံယူဆဲလူနာများအတွက် ထိရောက်မှုရှိစေကြောင်း သုတေသနများကတွေ့ရှိထားသည်။ ထို့ပြင် သီဟိုဠ်သီးတွင် ကင်ဆာဆဲလ်များ ကွဲပွားခြင်းမဖြစ်စေရန် ဟန့်တားပေးနိုင်သည့် Proanthocyanins ဒြပ်ပေါင်းပါဝင်နေသောကြောင့် ကင်ဆာရောဂါဖြစ်ပွားမှုကို တားဆီးနိုင်သည်။

**မျက်လုံးကျန်းမာရေးကိုကောင်းမွန်စေခြင်း**

သီဟိုဠ်စေ့တွင် Lutein နှင့် Zeaxanthin တို့ကဲ့သို့ မျက်ကြည်လွှာကိုအားဖြည့်ပေးနိုင်သော ဓာတ်များ ပါဝင်သောကြောင့် မျက်စိအမြင်ကြည်လင်စေသည်။ ပြင်းထန်သောခရမ်းလွန်ရောင်ခြည်ဒဏ်များကြောင့် မျက်ကြည်လွှာနှင့်မျက်စိထိခိုက်ခြင်းမှ ကာကွယ်ရန်အတွက် သီဟိုဠ်စေ့ကို နေ့စဉ်ပုံမှန်စားသုံးပေးသင့်ပါသည်။

**မကြာခဏနာမကျန်းခြင်းနှင့် ခေါင်းကိုက်ခြင်းကို သက်သာစေခြင်း**

ခန္ဓာကိုယ်တွင်း၌ မဂ္ဂနီစီယမ်ဓာတ် (Mg) ချို့တဲ့မှုကြောင့် သွေးတိုးခြင်း၊ မကြာခဏခေါင်းကိုက်ခြင်းစသည့် ကျန်းမာရေးပြဿနာများခံစားရနိုင်ပြီး သီဟိုဠ်စေ့စားခြင်းဖြင့် မဂ္ဂနီစီယမ်ဓာတ်ချို့တဲ့မှုကို ကာကွယ်ပေးနိုင်သည်။ သီဟိုဠ်စေ့တွင် ကိုယ်ခံအားကိုမြှင့်တင်ရာတွင် အရေးပါသည့် ဇင့်ဓာတ် (Zn) များစွာ ပါဝင်သောကြောင့် ဒေါင်ဒေါင်မြည်အောင် ကျန်းမာစေသည်။

**သွေးနီဥဆဲလ်ဖြစ်ပေါ်မှုကိုအားပေးခြင်း**

သီဟိုဠ်စေ့တွင် သံဓာတ်နှင့်ဇီဝဖြစ်စဉ်အတွက် အထောက်အကူပေးသည့် ကော့ပါးဓာတ် (Cu) ကြွယ်ဝပြီး သွေးနီဥဆဲလ်ဖြစ်ပေါ်မှုကို အားပေးကာ အရိုးနှင့်ကိုယ်ခံအားစနစ်ကို ကျန်းမာစေသည့်အပြင် အာရုံကြောစနစ်နှင့်ကျောရိုးစနစ်အတွက်လည်းအရေးပါသည်။ ကော့ပါးဓာတ်ချို့တဲ့ပါက အရိုးပွရောဂါ၊ နှလုံးခုန်မမှန်ခြင်း၊ သွေးအားနည်းခြင်းတို့ကို ဖြစ်ပွားစေနိုင်သည်။

**ခံတွင်းကျန်းမာရေးကောင်းစေခြင်း**

သီဟိုဠ်စေ့တွင် အရိုးနှင့်သွားဖွံ့ဖြိုးကျန်းမာစေရန်အတွက် အရေးပါသည့်ဖော့စဖရတ် (P) ဓာတ်ပါဝင်သောကြောင့် ပရိုတင်းထုတ်လုပ်မှုကို အထောက်အကူပေးပြီး ကာဗိုဟိုက်ဒရိတ်၊ အဆီဓာတ်များစုပ်ယူခြင်းနှင့် ကလာပ်စည်းများ၏ကျန်းမာရေးကို ထိန်းသိမ်းစောင့်ရှောက်ပေးသည်။ ထို့ပြင် သီဟိုဠ်စေ့တွင် Anagardic ဟုခေါ်သည့် အက်စစ်ဒြပ်ပေါင်းတစ်မျိုးပါဝင်သောကြောင့် သွားများကို ကျန်းမာကြံ့ခိုင်စေပါသည်။

**အရိုးအဆစ်များကို ပိုမိုကျန်းမာစေခြင်း**

သီဟိုဠ်စေ့တစ်အောင်စတွင် တစ်နေ့တာအတွက် လိုအပ်သည့် အရိုးများကိုဖွံ့ဖြိုးသန်မာရန်နှင့် တွယ်ဆက်တစ်ရှူးများအတွက် အထောက်အပံ့ပေးနိုင်သော ကော့ပါးဓာတ် ၃၀ ရာခိုင်နှုန်းနှင့် အရိုးမှ ကယ်လ်စီယမ်ဓာတ် (Ca) များ စုပ်ယူနိုင်ရန်နှင့်အရိုးပွရောဂါခံစားရနိုင်ခြေမှကာကွယ်ပေးသည့် မဂ္ဂနီစီယမ်ဓာတ် (Mg) ၂၀ ရာခိုင်နှုန်းပါဝင်သောကြောင့် အရိုးအဆစ်များကို ယခင်ကထက် ပိုမိုကျန်းမာစေပါသည်။

**သွေးအားနည်းခြင်းကိုကာကွယ်ပေးခြင်း**

သီဟိုဠ်စေ့တွင် ခန္ဓာကိုယ်အနှံ့အောက်ဆီဂျင်ပို့ဆောင်ရာတွင် အရေးပါသည့်သံဓာတ်ကြွယ်ဝပြီး အင်ဇိုင်းနှင့်ကိုယ်ခံအားစနစ်၏ လုပ်ဆောင်ချက်များကိုကောင်းမွန်စေသည်။ သံဓာတ်ချို့တဲ့လျှင် မောပန်းနွမ်းနယ်ခြင်း၊ သွေးအားနည်းခြင်းများဖြစ်ပွားစေနိုင်ပြီး ရောဂါများကူးစက်ဝင်ရောက်ရန် လွယ်ကူစေသည်။ ခန္ဓာကိုယ်အစိတ်အပိုင်းများဆီသို့ အောက်ဆီဂျင်ရောက်ရှိစေပြီး သွေးအားကောင်းစေရန် ထောက်ကူပေးနိုင်သည်။

**သည်းခြေကျောက်မဖြစ်အောင်ကာကွယ်ပေးခြင်း**

သီဟိုဠ်စေ့ကဲ့သို့ ကျန်းမာရေးနှင့်ညီညွတ်သည့် အစေ့အဆန်များကို မကြာခဏစားသုံးပေးခြင်းဖြင့် သည်းခြေအတွင်းစုပုံလာသည့် ကိုလက်စထရောအပါအဝင် ကျောက်ခဲပုံစံအနည်အနှစ်များဖြစ်သည့် သည်းခြေကျောက်တည်နိုင်သော အန္တရာယ်နည်းပါးစေမည်ဖြစ်သည်။ ကယ်လ်စီယမ်(Ca) များကို မစုပ်ယူနိုင်ဘဲစုပုံသွားပါက ကျောက်ကပ်ကို ကျောက်တည်စေနိုင်သောကြောင့် ကျောက်ကပ်မကောင်းသူများအနေဖြင့် သီဟိုဠ်စေ့အနည်းငယ်သာ ချင့်ချိန်စားသုံးသင့်ပါသည်။

**ကိုယ်ခံအားကောင်းစေခြင်း**

သီဟိုဠ်စေ့တွင်ဇင့်ဓာတ် (Zn) သည် ရောဂါပိုးမွှားများ၏ရန်မှ ကိုယ်ခံအားစနစ်၏ ခုခံကာကွယ်နိုင်စွမ်းကိုထောက်ကူပေးပြီး ပရိုတင်းထုတ်လုပ်မှုနှင့် အနာကျက်မြန်ခြင်းအတွက် အရေးပါသည်။ ဇင့်ဓာတ်သည် ကိုယ်ဝန်ဆောင်များတွင် သန္ဓေသားဖွံ့ဖြိုးစအသက်အရွယ် အပိုင်းအခြားများတွင်လည်း ခန္ဓာကိုယ်အနေအထားတည်ငြိမ်ရန် ထိန်းသိမ်းနိုင်စေသည်။

**အသားအရေကိုကြည်လင်တောက်ပစေခြင်း**

သီဟိုဠ်စေ့တွင် အသားအရေလှပမှုအတွက် ကောင်းကျိုးပေးသည့် ကော့ပါး (Cu)နှင့် အသားအရေအိုမင်းရင့်ရော်စေသည့် လက္ခဏာများကို လျှော့ချပေးသည့် ဓာတ်တိုးဆန့်ကျင်အာနိသင်များ (Antioxidants) ကြွယ်ဝစွာပါဝင်ပြီး ကော့ပါးနှင့် အင်ဇိုင်းဓာတ်တို့ ပေါင်းစပ်လိုက်သည့်အခါတွင် အသားအရေကို တင်းရင်းလှပစေမည်ဖြစ်သည်။

**အရေပြားကျန်းမာစေခြင်း**

သီဟိုဠ်စေ့တွင် ဗီတာမင် C ပါဝင်သောကြောင့် ကော်လာဂျင်ထွက်ရှိအောင် လှုံ့ဆော်ပေးသဖြင့် အသားအရေကိုတင်းရင်းစေပြီး အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းမဖြစ်စေရန် ထောက်ကူပေးနိုင်သည်။ သီဟိုဠ်စေ့တွင် ကော့ပါး (Cu) ပါဝင်နေသောကြောင့် အရေပြားပိုးဝင်ခြင်းမျိုးမဖြစ်ပွားစေရန် လည်း ကာကွယ်ပေးသည်။

**သီဟိုဠ်စေ့ဓာတ်မတည့်မှု**

သီဟိုဠ်စေ့သည် ကျန်းမာရေးအကျိုးကျေးဇူးများစွာရှိသော်လည်း အစေ့အဆန်များနှင့် ဓာတ်မတည့်သူများအတွက် အန္တရာယ်ရှိနိုင်ပြီး သီဟိုဠ်စေ့

စာမျက်နှာ ၅ သို့ ➔

## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## နှင်းပွင့်ရာသီ

- ရှစ်တိုင်းဝလာ
  မြူခြုံလွှာ လွှမ်းကာထား၊
  နှင်းတို့ဝေ တေးသီပြုတော့
  လွှမ်းမှုဆပွား။

- ဂေါ်သဇင် ခေါင်းပန်ထား
  ပြောင်းဆန်စပါး ရိတ်သိမ်းပြီ
  ဆောင်းလရာသီ၊
  မြောက်ပြန်လေရူး အအေးဓာတ်ချီ
  ခါတော်မီ ပုံဖော်ပေး၊
  ခြုံစောင်တွေ ဘယ်လိုထွေးလည်း
  နွေးဖို့ခက်သေး။

- သန္တေမှန် ဟေမန်အရေး
  ဖြေရန်ဆေးလည်း ရှာမရပေ၊
  ဖြိုးဖြောက်သံ တေးသွားအလှနဲ့
  ဆေးသားလှနေ၊
  ဆောင်းကာလ နှင်းပုလဲကြွေ
  ညတာရှည် တိုတောင်းနေ့၊
  ရာသီတစ်ခုမှာ
  စာစီပြုစရာ နှင်းမြူများကို
  ထူးခြားအောင်တွေ့။ ။

ဇေဒါမောင်(ပညာရေး)

# သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၉၅၈၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်




**ပုသိမ် ဒီဇင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၉၅၈၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သာပေါင်းမြို့နယ်တွင် ပြီးခဲ့သည့် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၆၅၂၉၇ ဧက စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးခင်းများကို ယခုနှစ် နိုဝင်ဘာလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါး ၉၅၈၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါးဧက ၆၈၀၀၀ ကျော် စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိစပါး ၉၅၈၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဒေသရာသီဥတုနဲ့ကိုက်ညီပြီး ဈေးကွက်ရှိတဲ့စပါးအမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးခဲ့ပါတယ်။ အခုနှစ်မိုးစပါးတွေ အထွက်နှုန်း ကောင်းမွန်ပါတယ်။ စပါးတွေ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်း ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် ရိတ်သိမ်းခဲ့သည့်စပါးများ တစ်ဧကလျှင် ၁၀၅ ဒသမ ၁၈ တင်းထိ ထွက်ရှိကြောင်း၊ အဆိုပါစပါးများကို စိုက်ကေပြည့်မီအောင်စိုက်ပျိုးနိုင်ရေး၊ စပါးများအထွက်နှုန်းတိုးတက်စေရေး၊ အရည်အသွေးကောင်းစပါးများကို စိုက်ပျိုးထုတ်လုပ်နိုင်ရေး ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူအသိပညာပေး လုပ်ငန်းများကို ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းဆတ်မြို့နယ် မယ်ဆတ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုင်းဆတ် ဒီဇင်ဘာ ၁၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မယ်ဆတ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးကျော်သန့်ဇင်၊ မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစိုးငွေနှင့် တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက မယ်ဆတ်ကျေးရွာ၌ အရှည် ၁ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ပေ၊ အမြင့် ၉ လက်မရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ၎င်းလမ်းပေါ်တွင် Slab Culvert တံတားငါးစင်း ကျောက်စီခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) က ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကုန်ထုတ်လမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၈၀ ဒသမ ၆၄၅ သန်းဖြင့် ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ် ကြီးကြပ်မှုတို့ဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများမှတာဝန်ယူ၍ ယခုနှစ် ဩဂုတ်လပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်**

ᗩ စာမျက်နှာ ၄ မှအဆက်

နှင့် သစ်ကြားသီးကဲ့သို့ အစေ့အဆန်များသည်လည်း ဓာတ်မတည့်မှုနည်းပါးစွာဖြစ်နိုင်သကဲ့သို့ ပြင်းထန်မှုလည်းရှိနိုင်သည်။ အများအားဖြင့် အချို့သောသူများတွင် မအီမသာဖြစ်ခြင်း၊ ဝမ်းပျက်ခြင်း၊ ဗိုက်အောင့်ခြင်း၊ ချောင်းဆိုးခြင်း၊ အော့အန်ခြင်းတို့ကဲ့သို့ အစာအိမ်နှင့် အူလမ်းကြောင်းပြဿနာများရှိနိုင်သကဲ့သို့ နှာရည်ကျခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူမဝခြင်းတို့လည်းဖြစ်ပေါ်နိုင်သည်။ ထို့ထက်ပိုများလာပါက Glottisedema Anaphylaxis ဟုခေါ်သည့် အသက်ဆုံးရှုံးရသည့်ထိဖြစ်စေနိုင်သည့်အခြေအနေမျိုးကို ရောက်သွားနိုင်သောကြောင့် တန်ဆေးလွန်ဘေးဆိုသည့်အတိုင်း အလွန်အကျွံမစားသုံးမိရန် လိုအပ်သည်။

**သီဟိုဠ်စေ့မစားသင့်သောသူများ**

သီဟိုဠ်စေ့ကို ရောဂါအခံရှိသူများ၊ ကိုယ်ဝန်ဆောင်များ၊ နို့တိုက်မိခင်များ၊ ဆေးပုံမှန်သောက်နေရသူများအနေဖြင့် ဆရာဝန်နှင့် တိုင်ပင်ပြီးမှသာစားသင့်သည်။

**အနှစ်ချုပ်**

သီဟိုဠ်စေ့တွင် ဗီတာမင်များကြွယ်ဝစွာ ပါဝင်သောကြောင့် ဗက်တီးရီးယားများကို တိုက်ဖျက်ပေးပြီး ကိုယ်ခံအားကောင်းမွန်စေရန် အထိရောက်ဆုံး ဆောင်ရွက်ပေးနိုင်သည်။ ဖျားနာမှုကင်းစေပြီး အနာကျက်မြန်စေရန်လည်း အားဖြည့်ပေးနိုင်သည်။ ထို့ပြင် သီဟိုဠ်စေ့သည် အဆီတွင်ပျော်ဝင်လွယ်သည့် ဗီတာမင် A၊ ဗီတာမင် D၊ ဗီတာမင် E နှင့် ဗီတာမင် K တို့ကိုစုပ်ယူပြီး ဦးနှောက်ဖွံ့ဖြိုးမှုအတွက် အရေးပါသည့် အကျိုးပြုအဆီဓာတ်များ ပါဝင်သောကြောင့် စားသုံးမှုပုံစံမှန်ကန်မည်ဆိုပါက အဆိုပါအဆီဓာတ်များသည်ဆိုးကျိုးပေးသည့်ကိုလက်စထရော (LDL Cholesterol) များကို လျှော့ချပေးနိုင်ပြီး နှလုံးအတွက် အကျိုးပြုသည်။

အချုပ်အားဖြင့် သီဟိုဠ်စေ့သည် နှလုံးကျန်းမာရေး၊ အာရုံကြောကျန်းမာရေး၊ ကြွက်သားလုပ်ဆောင်ချက်ကောင်းမွန်စေခြင်းကဲ့သို့ ကျန်းမာရေးအကျိုးကျေးဇူးများအပြင် သွေးအားနည်းခြင်း၊ ဆီးချိုရောဂါဖြစ်ပွားမှုကဲ့သို့ အခြေအနေများကိုပါ သက်သာလျော့ပါးစေနိုင်သည်။ ထို့ပြင် သီဟိုဠ်စေ့တွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်သောကြောင့်လည်း သွေးနီဥဆဲလ်ဖြစ်ပေါ်မှုကို ကာကွယ်ပေးပြီး ကိုယ်ခံအားကိုကောင်းမွန်စေသည်။ ထို့ကြောင့် သီဟိုဠ်စေ့သည် ကျန်းမာရေးအတွက် သုံးတတ်လျှင်သုံးတတ်သကဲ့သို့ ကျန်းမာရေးကောင်းကျိုးများစွာပေးနိုင်သော ဆေးဖက်ဝင်အစေ့အဆန်တစ်မျိုးဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## နိုင်ငံတကာသတင်းများ

# အမျိုးသားရွေးကောက်ပွဲများကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ဘင်္ဂလားဒေ့ရှ် ကျင်းပမည်



**ဒါကာ ဒီဇင်ဘာ ၁၂**

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ရက်တွင် အမျိုးသားရွေးကောက်ပွဲများ ကျင်းပမည်ဟု ဘင်္ဂလားဒေ့ရှ် ရွေးကောက်ပွဲကော်မရှင်က ဒီဇင်ဘာ ၁၁ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ဟောင်း ရှိတ်ခ်ဟာဆီနာ အိန္ဒိယနိုင်ငံသို့ ထွက်ပြေးခဲ့ရပြီး ၁၈ လအကြာတွင် အမျိုးသား ရွေးကောက်ပွဲများ ကျင်းပမည့် အချိန်ကာလကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက သတ်မှတ်နိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ဝန်ကြီးချုပ်ဟောင်း ရှိတ်ခ်ဟာဆီနာ အိန္ဒိယနိုင်ငံသို့ ထွက်ပြေးခဲ့ရပြီးနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် မူဟမ်မက်ယူနွတ် ဦးဆောင်သည့် အိမ်စောင့်အစိုးရအဖွဲ့က ဦးဆောင်လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ် အိမ်စောင့်အစိုးရကကျင်းပမည့် အဆိုပါ အမျိုးသားရွေးကောက်ပွဲသစ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ပါကစ္စတန်နိုင်ငံထံမှ လွတ်လပ်ရေးရပြီးနောက်ပိုင်း ကျင်းပမည့် ၁၃ ကြိမ်မြောက် ရွေးကောက်ပွဲဖြစ်သည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်၌ အမျိုးသားရွေးကောက်ပွဲများ ကျင်းပမည့်အစီအစဉ်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အကြီးဆုံးအတိုက်အခံပါတီဖြစ်သည့် ဘင်္ဂလားဒေ့ရှ် အမျိုးသားရေးပါတီ (ဘီအင်န်ပီ) နှင့် အခြားအဓိကနိုင်ငံရေးပါတီများက ကြိုဆိုခဲ့ကြသည်။

သို့ရာတွင် နိုင်ငံရေးလှုပ်ရှားခွင့် ပိတ်ပင်ခံထားရသော ဝန်ကြီးချုပ်ဟောင်းရှိတ်ခ်ဟာဆီနာ၏ အဝါမီလိဂ်ပါတီကမူ ရွေးကောက်ပွဲကို ကန့်ကွက်ထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# ဗင်နီဇွဲလားရေနံတင်သင်္ဘောများကို ထပ်မံသိမ်းယူရန် အမေရိကန် ပြင်ဆင်နေ

**ဝါရှင်တန် ဒီဇင်ဘာ ၁၂**

ဗင်နီဇွဲလားရေနံများ ပို့ဆောင်နေသော ရေနံတင်သင်္ဘောများကို ထပ်မံ ကြားဖြတ်ဖမ်းဆီးရန် အမေရိကန်အစိုးရက ပြင်ဆင်နေကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယခု ရက်သတ္တပတ်အတွင်း အမေရိကန်တပ်မတော်က ဗင်နီဇွဲလား ကမ်းလွန်ရေပြင်၌ ဗင်နီဇွဲလား ရေနံတင်သင်္ဘောတစ်စီးကို ဖမ်းဆီးခဲ့ပြီးနောက် အဆိုပါ သတင်း ထပ်မံပေါ်ထွက်လာခြင်း ဖြစ်သည်။

အမေရိကန်နိုင်ငံသည် ဗင်နီဇွဲလားရေနံပို့ကုန်များနှင့် ရေနံတင်သင်္ဘောများကို ၂၀၁၉ ခုနှစ်က အရေးယူပိတ်ဆို့မှုများ ချမှတ်ထားသည်။

သို့ရာတွင် အဆိုပါအရေးယူပိတ်ဆို့မှုစည်းမျဉ်းများအရ ဗင်နီဇွဲလား ရေနံတင်သင်္ဘောတစ်စီးကို အမေရိကန်တပ်မတော်က ဒီဇင်ဘာ ၁၀ ရက်တွင် ပထမဆုံးအကြိမ်အဖြစ် ဖမ်းဆီးသိမ်းယူခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အမေရိကန်နိုင်ငံအနေဖြင့် အရေးယူပိတ်ဆို့မှုစာရင်းတွင် ပါဝင်နေသည့် ဗင်နီဇွဲလား ရေနံတင်သင်္ဘောများကို ထပ်မံသိမ်းယူရေးအတွက် ပြင်ဆင်နေကြောင်း အမေရိကန်အစိုးရ သတင်းအရင်းအမြစ်များက ပြောကြားထားသည်။

အမေရိကန်နိုင်ငံ၏ အရေးယူပိတ်ဆို့မှုစာရင်းတွင် ပါဝင်နေဖွယ်ရှိသည့် ဗင်နီဇွဲလားရေနံတင်သင်္ဘော အစီးမှာ ၃၀ ထိ ရှိနိုင်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# ထိုင်းအောက်လွှတ်တော်ကို ဝန်ကြီးချုပ် အနူတင် ဖျက်သိမ်း

**ဗန်ကောက် ဒီဇင်ဘာ ၁၂**

လာမည့်နှစ်အတွင်း ရွေးကောက်ပွဲသစ်များ ကျင်းပရေးအတွက် ထိုင်းဝန်ကြီးချုပ် အနူတင်ချန်ဗီရာကူးလ်က ယနေ့တွင် ထိုင်းလွှတ်တော်ကိုဖျက်သိမ်းခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ထိုင်းဘုရင်မင်းမြတ် မဟာဝိဇယလောင်ကွန်း၏ သဘောတူညီချက်ဖြင့် ထိုင်းအောက်လွှတ်တော်ကို ယနေ့တွင် ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

ထိုင်းဝန်ကြီးချုပ်၏ အောက်လွှတ်တော်ဖျက်သိမ်းရေးအစီအစဉ်ကို အတည်ပြုလက်ခံကြောင်း ယနေ့တွင် ထုတ်ပြန်ထားသည့် ပြန်တမ်း၌ ဖော်ပြထားသည်။



အောက်လွှတ်တော်ကို ဖျက်သိမ်းပြီးနောက် ၄၅ ရက်မှ ရက်ပေါင်း ၆၀ အတွင်း လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း ထိုင်းဘုရင့်နန်းတော် ပြန်တမ်း၌ အတည်ပြုထားသည်။

ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံတို့အကြား ရက်သတ္တပတ် နီးပါးကြာ နယ်စပ်ပဋိပက္ခများ ဖြစ်ပွားနေချိန်တွင် ထိုင်းဝန်ကြီးချုပ်က အောက်လွှတ်တော်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

ထိုင်းဝန်ကြီးချုပ် အနူတင်ချန်ဗီရာကူးလ်သည် ဝန်ကြီးချုပ်ဟောင်း ပေထွန်တန်ရှင်နာဝပ် ရာထူးမှ ဖယ်ရှားခံခဲ့ရပြီးနောက် ယခုနှစ် စက်တင်ဘာလတွင် ထိုင်းဝန်ကြီးချုပ်ရာထူးကို စတင်ရယူခဲ့သူဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# အိန္ဒိယဈေးကွက်၌ မာစီဒီးဘင့်ဇ်ကားများ ဈေးနှုန်းကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှစ၍ နှစ်ရာခိုင်နှုန်း မြှင့်တင်မည်

**ဒေလီ ဒီဇင်ဘာ ၁၂**

အိန္ဒိယနိုင်ငံ၌ ဖွင့်လှစ်ထားသည့် ဂျာမနီအခြေစိုက် မာစီဒီးကားထုတ်လုပ်ရေးကုမ္ပဏီလုပ်ငန်းခွဲသည် ၎င်းထုတ်လုပ်သည့် မာစီဒီးကားများ ဈေးနှုန်းကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှစ၍ နှစ်ရာခိုင်နှုန်း ထပ်မံမြှင့်တင်ရန် စီစဉ်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကုန်ကြမ်းဈေးနှုန်းနှင့် သယ်ယူပို့ဆောင်မှုလုပ်ငန်း စရိတ်စကများ မြင့်တက်လာမှုကြောင့် အိန္ဒိယနိုင်ငံအခြေစိုက် မာစီဒီးလုပ်ငန်းခွဲအနေဖြင့် ကားဈေးနှုန်းများမြှင့်တင်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း မာစီဒီးဘင့်ဇ်ကားကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ယခုနှစ်အတွင်း ယူရိုငွေကြေးစနစ်နှင့် ရူပီးငွေ လဲလှယ်နှုန်းမှာ တစ်ယူရိုလျှင် ရူပီး ၁၀၀ အထက်တွင်သာရှိခဲ့ရာ လုပ်ငန်းလည်ပတ်မှုစရိတ်များ မြင့်တက်လာကြောင်း မာစီဒီးဘင့်ဇ်ကုမ္ပဏီ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ထို့ပြင် အိန္ဒိယ၏ နိုင်ငံခြားငွေလဲလှယ်မှုနှုန်းကို ထိန်းညှိရေးအတွက် မာစီဒီးဘင့်ဇ်ကားဈေးနှုန်းများကို သုံးလလျှင် တစ်ကြိမ် ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း မာစီဒီးဘင့်ဇ် အိန္ဒိယ တာဝန်ရှိသူများက ပြောကြားထားသည်။




မာစီဒီးကားများသည် အိန္ဒိယနိုင်ငံ၌ လူကြိုက်အများဆုံးနှင့် ရောင်းအားအကောင်းဆုံး ဇိမ်ခံကားအမျိုးအစားဖြစ်သည်။

မာစီဒီးဘင့်ဇ်ကားများပြီးလျှင် အိန္ဒိယ၌ ရောင်းအားအကောင်းဆုံးဇိမ်ခံကားမှာ ဂျာမနီအခြေစိုက် ဘီအမ်ဒဗလျူ ကုမ္ပဏီ၏ ဘီအမ်ဒဗလျူ ကားများဖြစ်ကြကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# ၂၀၇၀ ပြည့်နှစ်တွင် ဂျာမနီနိုင်ငံသား ဦးရေ ၁၀၀ လျှင် ၆၁ ဦးထိ အငြိမ်းစားအသက်အရွယ်ရှိသူများ ဖြစ်လာနိုင်

**ဘာလင် ဒီဇင်ဘာ ၁၂**

ဂျာမနီနိုင်ငံ၏သက်ကြီးလူဦးရေသည် ၂၀၇၀ ပြည့်နှစ်အရောက်တွင် ၇၅ သန်း ဝန်းကျင်ထိ ရှိလာနိုင်သည်ဟု ဂျာမနီအစိုးရ အမျိုးသားစာရင်းအင်း ဗျူရိုက ဒီဇင်ဘာ ၁၁ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဂျာမနီအစိုးရ အမျိုးသားစာရင်းအင်းဗျူရို၏ ခန့်မှန်းချက်အရ လာမည့် ၁၀ နှစ်တာကာလအတွင်း ဂျာမနီနိုင်ငံသား လေးဦးလျှင် တစ်ဦးမှာ အသက် ၆၇ နှစ်အထက်ရှိသူများ ဖြစ်လာနိုင်ကြောင်း သိရသည်။

အလားတူ ၂၀၃၈ ခုနှစ်အရောက်တွင် ဂျာမနီ လူဦးရေစုစုပေါင်း၏ ၂၇ ရာခိုင်နှုန်း တစ်နည်းအားဖြင့် ၂၁ သန်းခန့်မှာ အလုပ်ခွင်မှအငြိမ်းစားယူရမည့် အသက်အရွယ်ရှိလာသူများ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ဂျာမနီအစိုးရ အမျိုးသားစာရင်းအင်းဗျူရိုက ခန့်မှန်းထားသည်။

ဂျာမနီအစိုးရ အမျိုးသားစာရင်းအင်းဗျူရို၏ ခန့်မှန်းချက်အရ လက်ရှိတွင် အလုပ်ခွင်ဝင်နေသည့် ဂျာမနီနိုင်ငံသား ဦးရေ ၁၀၀ လျှင် ၃၃ ဦးမှာ အငြိမ်းစား အသက်အရွယ်ရှိသူများဖြစ်ကြပြီး ၂၀၇၀ ပြည့်နှစ်အရောက်တွင် အငြိမ်းစားအသက်အရွယ်ရှိသူ ဦးရေမှာ ၁၀၀ လျှင် ၆၁ ဦးထိ ရှိလာနိုင်ကြောင်း သိရသည်။

ဂျာမနီနိုင်ငံသည် ဥရောပသမဂ္ဂ၏ လူဦးရေအများဆုံး နိုင်ငံဖြစ်သော်လည်း ဂျာမနီစီးပွားရေးမှာ လုပ်သားအင်အား ရှားပါးမှုပြဿနာနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ဂျာမနီနိုင်ငံနှင့် အီတလီနိုင်ငံတို့သည် ဥရောပ၌ သက်ကြီးလူဦးရေအများဆုံး နိုင်ငံများဖြစ်ကြကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## NROL-77 သူလျှိုဂြိုဟ်တု စပေ့စ်အိတ်ကုမ္ပဏီ လွှတ်တင်



**ဝါရှင်တန် ဒီဇင်ဘာ ၁၂**

အမေရိကန်အစိုးရ အမျိုးသားကင်းထောက်ရုံး၏ NROL-77 အမည်ရှိ သူလျှိုဂြိုဟ်တုကို စပေ့စ်အိတ် ကုမ္ပဏီက ဒီဇင်ဘာ ၁၁ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ခံအဖွဲ့အစည်းတစ်ခုဖြစ်သော အမျိုးသားကင်းထောက်ရုံးသည် အမေရိကန်နိုင်ငံ၏သူလျှိုဂြိုဟ်တုများကို ကွပ်ကဲနေသည့် ဌာနဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပဌမအဆင့် ပင်မဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသည့် မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

သို့ရာတွင် NROL-77 သူလျှိုဂြိုဟ်တုကို မည်သည့်ပတ်လမ်းပေါ်သို့ ပို့ဆောင်ခဲ့သည်၊ မည်သည့်အချိန်တွင် ပို့ဆောင်ပေးခဲ့သည်ဆိုသော အချက်များကို စပေ့စ်အိတ်ကုမ္ပဏီက ထုတ်ပြန်ခြင်းမရှိခဲ့ပေ။

စပေ့စ်အိတ်ကုမ္ပဏီသည် ယခုနှစ်အတွင်း အမျိုးသားကင်းထောက်ရုံးအတွက် NROL သူလျှိုဂြိုဟ်တုမစ်ရှင်ပေါင်း ခုနစ်ခုထိ လွှတ်တင်ပေးခဲ့ပြီးဖြစ်သည်။

NROL-77 ဂြိုဟ်တုမစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် ၁၆၉ ခုမြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်သည်။

Ref : Russia Today

Trs : KKO

## ရှန်ကျိုး-၂၁ အာကာသယာဉ်မှူး နှစ်ဦး တီယန်ကောင်း အာကာသစခန်းပြင်ပသို့ထွက်ခွာ၍ လုပ်ငန်းတာဝန်များ ထမ်းဆောင်ခဲ့


**ပေကျင်း ဒီဇင်ဘာ ၁၂**

တရုတ်အမျိုးသား အာကာသအေဂျင်စီ၏ရှန်ကျိုး-၂၁အာကာသယာဉ်မှူး နှစ်ဦးသည် တီယန်ကောင်း အာကာသစခန်းပြင်ပသို့ ထွက်ခွာ၍လုပ်ငန်း တာဝန်များ ထမ်းဆောင်ခဲ့ကြောင်း ဒီဇင်ဘာ ၁၁ ရက် သတင်းများအရသိရသည်။

တီယန်ကောင်း အာကာသစခန်းပြင်ပသို့ထွက်ခွာစဉ်အတွင်း ရှန်ကျိုး-၂၁ အာကာသယာဉ်မှူး နှစ်ဦးသည် အာကာသအမှိုက် ထိမှန်ခံခဲ့ရဖွယ်ရှိသော ရှန်ကျိုး-၂၀ အာကာသ လူသယ်ယာဉ်ကို အသေးစိတ် စစ်ဆေးခဲ့သည်ဟု တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ထို့ပြင် ရှန်ကျိုး-၂၁ အာကာသယာဉ်မှူးများသည် တီယန်ကောင်း အာကာသခရီးအတွက် အာကာသအမှိုက် ကာကွယ်ရေးစနစ်ကိုလည်း အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ကြောင်း သိရသည်။

ရှန်ကျိုး-၂၁ အာကာသယာဉ်မှူး နှစ်ဦး၏ တီယန်ကောင်း အာကာသစခန်းပြင်ပ ထွက်ခွာချိန်မှာ ရှစ်နာရီထိ ကြာမြင့်ခဲ့ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။



ရှန်ကျိုး-၂၁ အာကာသယာဉ်မှူးများသည် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် ဒီဇင်ဘာ ၉ ရက်က တီယန်ကောင်း အာကာသစခန်းပြင်ပသို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

ရှန်ကျိုး-၂၁ အာကာသယာဉ်မှူး နှစ်ဦးသည် တီယန်ကောင်း အာကာသစခန်းပြင်ပ၌ ခြောက်လကြာ တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## အာကာသရေဒီယိုတယ်လီစကုပ်က ရှေးအကျဆုံးစူပါနိုဗာကြယ်ပေါက်ကွဲမှုကို တွေ့ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၁၂**

စကြဝဠာ၏ရှေးအကျဆုံး စူပါနိုဗာကြယ်ပေါက်ကွဲမှုကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်က ထောက်လှမ်းတွေ့ရှိထားကြောင်း ဒီဇင်ဘာ ၁၁ ရက် သတင်းများအရ သိရသည်။



ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်သည် အဆိုပါ စူပါနိုဗာကြယ် ပေါက်ကွဲမှုကို ဂမ်မာရောင်ခြည်ပေါက်ကွဲမှုအဖြစ် ထောက်လှမ်း တွေ့ရှိခြင်းဖြစ်ကြောင်း သိရသည်။

အထက်ပါ စူပါနိုဗာကြယ် ပေါက်ကွဲမှုသည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၃ ဘီလီယံထိ ရှိသည်ဟု နာဆာသိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အဆိုပါ စူပါနိုဗာကြယ်ပေါက်ကွဲမှုသည် Big Bang ခေါ် မဟာပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ပြီး နှစ်ပေါင်း သန်း ၇၃၀ အကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် GRB 250314A စူပါနိုဗာကြယ်ပေါက်ကွဲမှု၏ ဂမ်မာရောင်ခြည်များကို တိုက်ရိုက် စူးစမ်းလေ့လာနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## ဆာရိုက်ဆစ်ရောဂါဖြစ်ပွားနိုင်ခြေကို ညပိုင်းအိပ်ရေးဝဝအိပ်စက်ခြင်းဖြင့် လျှော့ချနိုင်

**ပေကျင်း ဒီဇင်ဘာ ၁၂**

ညပိုင်းအိပ်ရေးဝဝ အိပ်စက်ခြင်းဖြင့် ဆာရိုက်ဆစ် (Psoriasis) ခေါ် အရေပြားရောဂါတစ်မျိုး ဖြစ်ပွားနိုင်ခြေကို လျှော့ချနိုင်ကြောင်း ဒီဇင်ဘာ ၁၁ ရက်သတင်းများအရ သိရသည်။

တရုတ်နိုင်ငံ အန်းဟွီးတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ တစ်ညလျှင် ခုနစ်နာရီမှ ရှစ်နာရီထိ အိပ်စက်နိုင်သူများသည် ၎င်းကဲ့သို့ မအိပ်စက်နိုင်သူများထက် ဆာရိုက်ဆစ် အရေပြားရောဂါ ဖြစ်ပွားနိုင်ခြေ ပိုနည်းပါးကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ဆာရိုက်ဆစ်အရေပြားရောဂါသည် ခုခံအားစနစ်က ကျန်းမာသည့် အရေပြားဆဲလ်များကို တိုက်ခိုက်ချိန်တွင် ဖြစ်ပွားတတ်သော အရေပြားရောဂါတစ်မျိုး ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် တရုတ်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ တစ်ညလျှင် ခုနစ်နာရီမှ ရှစ်နာရီထိ အိပ်ရေးဝဝအိပ်စက်နိုင်သူများသည် အိပ်ရေးမဝသူများနှင့် နှိုင်းယှဉ်ပါက ဆာရိုက်ဆစ်ရောဂါ ဖြစ်ပွားနိုင်ခြေ ၃၀ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

ညအိပ်ရာဝင်ချိန် နောက်ကျမှု၊ အိပ်ရေးဝဝ မအိပ်ရခြင်းများကြောင့် ရောင်ရမ်းမှုပြဿနာပေါ်လာတတ်ပြီး နောက်ဆက်တွဲအဖြစ် ခုခံအားစနစ်ဖောက်ပြန်၍ ကျန်းမာသည့်အရေပြားဆဲလ်များကို တိုက်ခိုက်တတ်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Xinhua News

Trs : KKO

## သွေးကင်ဆာရောဂါကို ခုခံအားစနစ်ကုထုံးသစ်ဖြင့် သုတေသနပညာရှင်များ အောင်မြင်စွာကုသနိုင်ခဲ့

**နယူးယောက် ဒီဇင်ဘာ ၁၂**

Multiple Myeloma သွေးကင်ဆာရောဂါလူနာများကို ခုခံအားစနစ် ကုထုံးသစ်တစ်မျိုးဖြင့် အောင်မြင်စွာ ကုသပေးနိုင်ခဲ့ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဒီဇင်ဘာ ၁၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

အထက်ပါ ခုခံအားစနစ်ကုထုံးသစ်သည် လူနာ၏ကိုယ်ပိုင်ခုခံအားစနစ်ကို အသုံးချ၍ Multiple Myeloma သွေးကင်ဆာကို ကုသပေးနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

မောင့်ဆိုင်းနိုင်ဆေးရုံမှ အမေရိကန် သုတေသန ပညာရှင်များသည် Multiple Myeloma သွေးကင်ဆာလူနာ ၉၇ ဦးတို့ကို ၎င်းတို့၏ ခုခံအားစနစ် ကုထုံးသစ်ဖြင့် စမ်းသပ်ကုသပေးခဲ့သည်။

ကုသမှုလုပ်ငန်းစဉ်အရ သုတေသနပညာရှင်များသည် လူနာ၏ ခုခံအားစနစ်ဆဲလ်များကို ကင်ဆာဆဲလ်များအား ရှာဖွေသတ်ဖြတ်နိုင်သော ဆဲလ်များအဖြစ် ပြုပြင်ဖန်တီး၍ လူနာများ၏ ကိုယ်တွင်းသို့ ပြန်လည်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အထက်ပါ ကုထုံးကို ရယူပြီးနောက် စမ်းသပ်မှုတွင်ပါဝင်သည့် လူနာများအနက် ၈၂ ဦးမှာ နောင်ငါးနှစ်ကြာသည်ထိ ကျန်းကျန်းမာမာဖြင့် အသက်ရှင်နေကြဆဲဖြစ်ကြောင်း သိရသည်။

စမ်းသပ်မှုတွင် ပါဝင်ခဲ့သည့် Multiple Myeloma သွေးကင်ဆာလူနာများအနက် အများစုမှာ ကုထုံးမရယူမီက တစ်နှစ် သို့မဟုတ် နှစ်နှစ်ထိသာ အသက်ဆက်ရှင်နိုင်သူများ ဖြစ်ကြသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များက ဆုတံဆိပ်များထပ်မံဆွတ်ခူးခဲ့ပြီး နိုင်ငံအလိုက် အဆင့်(၇)နေရာတွင် ဆက်လက်ရပ်တည်

ရန်ကုန် ဒီဇင်ဘာ ၁၂

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ အားကစားအဖွဲ့များက ယနေ့ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဆုတံဆိပ်များ ထပ်မံဆွတ်ခူးခဲ့ကြပြီး နိုင်ငံအလိုက် အဆင့်ရပ်တည်မှုတွင် အဆင့်(၇)နေရာ၌ ဆက်လက် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။



ယနေ့ ကျင်းပခဲ့သည့်ပြိုင်ပွဲများမှ အမျိုးသားလေးယောက်တွဲ မီတာ ၂၀၀ လှေလှော်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ထွဋ်ခေါင်ကျော်၊ ကျော်ဇေယျ၊ မျိုးလှိုင်ဝင်း၊ သန့်ဇင်ဦးတို့က ငွေတံဆိပ်၊ ကရာတေးပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း ကီလို ၅၀ အောက် ကုမိတဲ့(အတိုက်)ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဖလောရင့်နေခြည်ထွန်းက ငွေတံဆိပ်၊ Teq Ball အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မြန်မာနိုင်ငံမှ စောဖရိုက်ဒေးနှင့် အိမ်ရှင်ထိုင်းနိုင်ငံမှ အီသန်တို့ ကစားခဲ့ရာ စောဖရိုက်ဒေးက နှစ်ပွဲ တစ်ပွဲဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် ကြေးတံဆိပ်သာ ဆွတ်ခူးခဲ့ကြသည်။

အလားတူ ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားသုံးယောက်တွဲ(အသင်းလိုက်) ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့ ကစားခဲ့ရာ ပထမပွဲစဉ်တွင် သန့်ဇင်ထွန်း၊ ရှိန်းဝဏ္ဏဇော်၊ ကျော်မင်းသူတို့က (၁၅-၇)မှတ်၊ (၁၅-၁၀)မှတ် နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် ထူးအောင်ကျော်၊ အောင်အောင်၊ ရဲထက်၊ဇော်မင်းခန့်တို့က (၁၅-၆)မှတ်၊ (၁၅-၁၂)မှတ် နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ တတိယပွဲစဉ်တွင် မင်းသန့်သူ၊ နိုဝင်ဘာကိုကို၊ အောင်မျိုးကျော်၊ ဇင်မင်းဦးတို့က (၁၆-၁၇)မှတ်၊ (၁၅-၇)မှတ်၊ ၁၅-၁၂)မှတ် သုံးပွဲ နှစ်ပွဲဖြင့် အသီးသီး အနိုင်ရခဲ့ကြသည်။

ဆက်လက်ပြီး ဘိလိယက် တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် မြန်မာကစားသမား ပေါက်စနှင့် စင်ကာပူကစားသမား ပီတာဂေးလ်ခရစ်တို့ကစားခဲ့ရာ ပေါက်စက သုံးပွဲပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် ငွေတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

ယနေ့ ကျင်းပခဲ့သည့်ပြိုင်ပွဲများ အပြီးတွင် မြန်မာနိုင်ငံက ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်ကိုးခု၊ ကြေးတံဆိပ်ခုနစ်ခု စုစုပေါင်း ဆုတံဆိပ် ၁၈ ခုဖြင့် နိုင်ငံအလိုက် အဆင့်(၇)နေရာ၌ ဆက်လက်ရပ်တည်နေကြောင်း သိရသည်။

STA

## ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက်ဆုတံဆိပ်ရရှိမှုအခြေအနေ

၁၂-၁၂-၂၀၂၅

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၆၆ | ၄၃ | ၂၈ | ၁၃၇ |
| ၂ | ဗီယက်နမ် | ၂၄ | ၁၇ | ၄၃ | ၈၄ |
| ၃ | အင်ဒိုနီးရှား | ၂၀ | ၂၈ | ၂၄ | ၇၂ |
| ၄ | စင်ကာပူ | ၁၅ | ၁၆ | ၁၈ | ၄၉ |
| ၅ | ဖိလစ်ပိုင် | ၁၁ | ၁၆ | ၃၅ | ၆၂ |
| ၆ | မလေးရှား | ၁၀ | ၁၃ | ၃၃ | ၅၆ |
| ၇ | မြန်မာ | ၂ | ၉ | ၇ | ၁၈ |
| ၈ | လာအို | ၁ | ၁ | ၁၂ | ၁၄ |
| ၉ | ဘရူနိုင်း | ၀ | ၁ | ၃ | ၄ |
| ၁၀ | တီမောလက်စ်တေ | ၀ | ၀ | ၂ | ၂ |

# ဘိုင်ယန်မြူးနစ်အသင်းက ဂူဟီကိုခေါ်ယူရန် အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးနေ

ဘာလင် ဒီဇင်ဘာ ၁၂

ဘိုင်ယန်မြူးနစ်အသင်း ဥက္ကဋ္ဌ အီဘယ်လ်က ခံစစ်ပိုင်းလိုအပ်ချက်အတွက် ပဲလေ့စ်အသင်းမှ ခံစစ်ကစားသမားဂူဟီကို ခေါ်ယူရန် ကစားသမား၏ အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

ဂူဟီသည် လာမည့် ၂၀၂၆ ခုနှစ် ဇူလိုင်လတွင် အသင်းနှင့် စာချုပ်ကုန်ဆုံးမည် ဖြစ်သော်လည်း ကစားသမားအနေဖြင့် အသင်း၏ စာချုပ်သစ်ကမ်းလှမ်းမှုကို ပယ်ချပြီး ထွက်ခွာရန်ဆုံးဖြတ်ထားသောကြောင့် ဘိုင်ယန်မြူးနစ်အသင်းက လက်ဦးမှုရယူနိုင်ရန် ကစားသမား၏ အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ဂူဟီကို လီဗာပူးအသင်းက ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ အပြောင်းအရွှေ့နောက်ဆုံးအချိန်တွင် လီဗာပူးအသင်း၏ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၅ သန်းဖြင့် ကမ်းလှမ်းမှုကို ပဲလေ့စ်အသင်းက ပယ်ချခဲ့သဖြင့် အပြောင်းအရွှေ့ ပျက်ပြယ်ခဲ့ရသည်။

ယခုအခါ ဂူဟီသည် စာချုပ်ကုန်ဆုံးရန် ခြောက်လသာ ကျန်ရှိတော့သဖြင့် လာမည့် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ အသင်းပြောင်းရွှေ့ရန် မည်သည့်အသင်းမဆို လွတ်လပ်စွာ ဆွေးနွေးခွင့်ရှိသောကြောင့် ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူရန် စီစဉ်ခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိ ဂူဟီသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းအတွက် ပြိုင်ပွဲစုံ ၂၃ ပွဲတွင် သွင်းဂိုးနှစ်ဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်၍ ခြေစွမ်းပြသထားသောကြောင့် မန်စီးတီးအသင်း၊ လီဗာပူးအသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

Ref : Goal.com

Trs : ML



# ကမ္ဘာ့ဖလားပြိုင်ပွဲ လက်မှတ်ဈေးနှုန်းများ ကြေညာခဲ့ပြီးနောက် အဆမတန်မြင့်တက်နေသည့်အတွက် ဖီဖာ ဝေဖန်မှုများဖြင့် ရင်ဆိုင်နေရ

ဝါရှင်တန် ဒီဇင်ဘာ ၁၂

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် လက်မှတ်ခများကို ကြေညာခဲ့ရာ ဈေးနှုန်းများ အဆမတန် မြင့်တက်နေသည့်အတွက် ဝေဖန်မှုများဖြင့် ရင်ဆိုင်နေရကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲကို လာမည့် ၂၀၂၆ ခုနှစ် ဇူလိုင်လအတွင်း အမေရိကန်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ မက္ကဆီကိုနိုင်ငံတို့က သုံးနိုင်ငံပူးတွဲ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည် ဖြစ်ပြီး ပွဲစဉ်အများစုနှင့် ဗိုလ်လုပွဲစဉ်တို့ကို အမေရိကန်နိုင်ငံတွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် လက်မှတ်ခများကို သုံးမျိုးခွဲခြားထားပြီး တတိယတန်းအတွက် လက်မှတ်ခများကို အမေရိကန်ဒေါ်လာ ၄၁၈၅၊ ဒုတိယတန်းအတွက် လက်မှတ်ခများကို အမေရိကန်ဒေါ်လာ ၅၅၆၀၊ ပထမတန်းအတွက်လက်မှတ်ခများကို အမေရိကန်ဒေါ်လာ ၈၈၆၀ ထိ သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အနည်းဆုံး လက်မှတ်ခအဖြစ် တတိယတန်းအတွက် လက်မှတ်ခကို အမေရိကန်ဒေါ်လာ ၅၀၀ သာရှိခဲ့သော်လည်း ယခုအခါ ၄၁၈၅ဒေါ်လာသတ်မှတ်ထားသောကြောင့် အဆမတန် မြင့်တက်နေသည့်အတွက် ပရိသတ်များက ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

STA

# ချက်နိုင်ငံ၏ တစ်နှစ်တာအကောင်းဆုံး တင်းနစ်ကစားသမားအဖြစ် မန်ဆစ်ခ် ရွေးချယ်ခံရ

ပရက်ဂ် ဒီဇင်ဘာ ၁၂

ချက် တင်းနစ်အဖွဲ့ချုပ်သည် ၂၀၂၅ ခုနှစ်အတွက် တစ်နှစ်တာ အကောင်းဆုံး တင်းနစ်ကစားသမားအဖြစ် မန်ဆစ်ခ်ကိုရွေးချယ်ခဲ့သည်ဟု ထုတ်ပြန်ကြေညာခဲ့ကြောင်း Tennis Up To Date သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



အသက် ၂၀ နှစ်ရှိမန်ဆစ်ခ်သည် ၂၀၂၅ ခုနှစ်တွင် ထွန်းတောက်လာသည့် ကစားသမားတစ်ဦးဖြစ်ပြီး ချက်နိုင်ငံ၏ ၁၅ နှစ်တာကာလအတွင်း တစ်နှစ်တာအကောင်းဆုံး တင်းနစ်ကစားသမားဆုကို ဆွတ်ခူးခဲ့သည့် အမျိုးသားတင်းနစ်ကစားသမားတစ်ဦးလည်း ဖြစ်သည်။

ပြီးခဲ့သည့် ၁၅ နှစ်တာ ကာလအတွင်း ချက်နိုင်ငံ၏ တစ်နှစ်တာအကောင်းဆုံးတင်းနစ်ကစားသမားဆုကို အမျိုးသမီးတင်းနစ်မယ်များကသာ ဆွတ်ခူးခဲ့ပြီး အမျိုးသား တင်းနစ် ကစားသမားများမှာ ဆွတ်ခူးခဲ့ခြင်း မရှိသော်လည်း ၂၀၂၅ ခုနှစ်အတွင်း ချက်တင်းနစ်မယ်များသည် အောင်မြင်မှုများ ဆွတ်ခူးခဲ့ခြင်း မရှိသောကြောင့် ရလဒ်အကောင်းဆုံး ရရှိထားသည့် တင်းနစ်ကစားသမား မန်ဆစ်ခ်က ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

ချက်တင်းနစ်အဖွဲ့ချုပ်က "၂၀၂၅ ခုနှစ်အတွက် တစ်နှစ်တာ အကောင်းဆုံး တင်းနစ်ကစားသမားဆုကို မန်ဆစ်ခ်က ဆွတ်ခူးခဲ့ပါတယ်။ မန်ဆစ်ခ်ဟာ ၂၀၂၅ ခုနှစ်အတွင်း ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲတွေမှာ ရလဒ်ကောင်းခဲ့သလို တစ်နှစ်တာ အကောင်းဆုံးကစားသမားတွေကိုသာ စုစည်းကျင်းပပေးတဲ့ NextGen ATP မှာလဲ ပါဝင်ယှဉ်ပြိုင်ခွင့် ရထားသူဖြစ်ပါတယ်။ မန်ဆစ်ခ်အတွက် ဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့သည်။

ချက် တင်းနစ်လောကတွင် အမျိုးသမီးတင်းနစ်မယ်များကသာ အောင်မြင်မှုများ ဆွတ်ခူးထားပြီး အမျိုးသား တင်းနစ်ကစားသမားများမှာ နိုင်ငံတကာအဆင့်တွင် ကြီးကြီးမားမား အောင်မြင်မှုရယူနိုင်ခဲ့ခြင်းမရှိသည့် မှတ်တမ်းဆိုးကို မန်ဆစ်ခ်က ချေဖျက်နိုင်မည့်ကစားသမားအဖြစ် သတ်မှတ်ခြင်းခံထားရကြောင်း သိရသည်။

Ref : Tennis Up To Date

Trs : AZL

# တနင်္ဂနွေနေ့ညရဲ့ ဥရောပပွဲစဉ်တွေထဲက ပရီးမီးယားလိဂ်ကလပ် ဝက်စ်ဟမ်းအသင်း၊ စီးရီးအေကလပ် ဖီအိုရင်တီးနားအသင်း၊ ပြင်သစ်ကလပ် လန့်စ်အသင်းတို့ နိုင်ပွဲရသွားပါလိမ့်မယ်




ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးသည်။ ထို့နောက် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲက နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်အား အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၁၂)မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း ဆွေဇင်ဖြိုးဝေအား အကောင်းဆုံးဗိုလ်လောင်းဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က သင်တန်းဆင်းမိန့်ခွန်းပြောကြားရာတွင် **“ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် ကာကွယ်ရေးတာဝန်ကိုထမ်းဆောင်ရာ၌ အမျိုးသမီးစစ်မှုထမ်းများ ပါဝင်ထမ်းရွက်စေနိုင်ရန်အတွက် အမျိုးသမီးစစ်မှုထမ်း (အရာရှိ)များအား လေ့ကျင့်သင်ကြားမွေးထုတ်ပေးရန်”**ဆိုသည့် ရည်ရွယ်ချက်ဖြင့် ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းကိုဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ အမှတ်စဉ်(၁၂)ထိ လေ့ကျင့်သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

မြန်မာအမျိုးသမီးများသည် နယ်ချဲ့ဖြိုတိသျှ အုပ်စိုးစဉ်ကာလကတည်းက အမျိုးသားများနည်းတူ ဇာတိသွေး၊ ဇာတိမာန်ထက်သန်သူများဖြစ်ခဲ့ကြကြောင်း၊ လွတ်လပ်ရေး ကြိုးပမ်းမှုကာလအတွင်း၌လည်း အမျိုးသားရေးတာဝန်ဖြစ်သည့် လွတ်လပ်ရေးရရှိရန်အတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်ထမ်းရွက်ခဲ့ကြသည့် သမိုင်းမှတ်တမ်းကောင်းများအထင်အရှားရှိခဲ့ကြောင်း၊ မြန်မာအမျိုးသမီးများသည် ရှေးယခင်ကတည်းက လက်ရုံးတပ်ဖွဲ့၊ ကယ်ဆယ်ရေးတပ်ဖွဲ့နှင့် ၁၉၅၄ ခုနှစ်တွင် ဖွဲ့စည်းသည့် စစ်ဝန်ထမ်းတပ်ဖွဲ့များတွင် မိမိဆန္ဒအလျောက်ဝင်ရောက်ပြီး နိုင်ငံတော်အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်အောင် ထမ်းဆောင်နိုင်ခဲ့ကြသည်ကို ဂုဏ်ယူစွာတွေ့မြင်ရမည်ပင်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင်လည်း မြန်မာ ထမ်းဆောင်နေကြပြီး အချို့အမျိုးသမီးတပ်ဖွဲ့ဝင်များသည် ကြမ်းတမ်းခက်ခဲသည့် အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး) တာဝန်၊ စစ်ရေယာဉ်များပေါ်တွင်လိုက်ပါပြီး ပိုင်နက်ရေပြင်ကာကွယ်ရေးတာဝန်၊ အမျိုးသမီးလေသူရဲပျံသန်းရေးတာဝန်၊ လေထီးစစ်သမီးတာဝန်များနှင့် နယ်လှည့်ဆေးကုသရေးတာဝန်များကို ရဲဝံ့ပြောင်မြောက်စွာထမ်းဆောင်နေကြသည့်အပြင် နိုင်ငံပေါင်းစုံပါဝင်သည့် ပူးပေါင်းလေ့ကျင့်ခန်းများနှင့် တပ်မတော်အဆင့် အားကစားပြိုင်ပွဲများတွင်လည်း ဆုတံဆိပ်များဆွတ်ခူးရရှိသည်အထိ စွမ်းဆောင်နိုင်ခဲ့ကြသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ကြောင်း။

ထိုသို့စွမ်းဆောင်နိုင်ခြင်းသည် နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကိုမြှင့်တင်ခြင်းဖြစ်သကဲ့သို့ တစ်နည်းအားဖြင့် မြန်မာအမျိုးသမီး အမျိုးသမီးများသည် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အုပ်ချုပ်ရေးနယ်ပယ်များ အထိပါ အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသည်ကိုလည်း တွေ့မြင်နိုင်မည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့်လည်း အမျိုးသမီးတပ်ဖွဲ့ဝင်များကို နိုင်ငံတော်ကာကွယ်ရေးတာဝန်များတွင် အမျိုးသားစစ်သည်များနှင့် တန်းတူပါဝင် ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)ကိုဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်မွေးထုတ်ပေးလျက်ရှိခြင်းကြောင့် ယခုအခါ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့များတွင် အမျိုးသမီးအရာရှိ ၉၀၀ ကျော် တာဝန်များ၏ ကိုယ်ရည်ကိုယ်သွေးမနိမ့်ကြောင်း ပြသနိုင်ခဲ့ခြင်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းဆင်းအမျိုးသမီးအရာရှိများအနေဖြင့်လည်း ဆိုင်ရာတာဝန်များ ထမ်းဆောင်ရာတွင် နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် အမျိုးသမီးအရာရှိကောင်းများဖြစ်အောင် ဆက်လက်လေ့ကျင့်ကြိုးပမ်းအားထုတ်သွားကြရန်လိုသည်ကို မှာကြားလိုကြောင်း။

တပ်မတော်တစ်ရပ်အရည်အချင်းပြည့်ဝရန်အတွက် လေ့ကျင့်ရေးသည် မရှိမဖြစ်လိုအပ်သည့် အခြေခံအုတ်မြစ်ဖြစ်သကဲ့သို့ အရေးအကြီးဆုံးလုပ်ငန်းတာဝန်လည်းဖြစ်ကြောင်း၊ သင်တန်းကျောင်းက လေ့ကျင့်သင်ကြားပေးလိုက်သည့် အတတ်ပညာများကို လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် မူဝါဒအတိုင်း ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများကို အမြဲမပြတ်လေ့လာပြီး ပိုမိုကျွမ်းကျင်လာအောင် အမြဲလေ့ကျင့်နေရမည့်အပြင် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကိုလည်း အမြဲလိုက်နာကျင့်သုံးနေကြရမည်ဖြစ်ကြောင်း၊ ထိုသို့ လေ့ကျင့်သားပြည့်ဝစွာ ဆောင်ရွက်နိုင်စေရေးတစ်ဦးချင်းအနေဖြင့် ကျန်းမာကြံ့ခိုင်နေရမည်ဖြစ်သည့်အတွက် ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှုရှိရန်လိုအပ်ကြောင်း၊ ထို့ကြောင့် တာဝန်ထမ်းဆောင်မည့်နေရာအသီးသီးရောက်သည့်အခါ လေ့ကျင့်သားပြည့်ဝနေရန်အတွက်**“ကျန်းမာအောင်နေ၊ သန်စွမ်းအောင်လေ့ကျင့်”**ဆိုသည့်အတိုင်း ကိုယ်စီလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

စည်းကမ်းမကောင်းပါက မည်သည့်အဖွဲ့အစည်းမှ ရေရှည်တည်တံ့နိုင်စွမ်းမရှိဘူးဆိုသည်ကို အတိတ်သမိုင်းများကို ပြန်ကြည့်မည်ဆိုပါက သိရှိနိုင်ကြောင်း၊ မြန်မာ့သမိုင်းတွင်လည်း စည်းကမ်းဖောက်၍ ထီးနန်းပျောက်ခဲ့ရသည့် သမိုင်းသာဓကများရှိခဲ့ကြောင်း၊ မိမိတို့တပ်မတော်သားများသည် စည်းကမ်းလိုက်နာမှုနှင့် အမိန့်နာခံတတ်မှုများကို ခါးဝတ်ပုဆိုးပမာမြဲမြံခိုင်ခံ့နေရမည်ဖြစ်ပြီး စစ်သည်တော်ကျင့်ဝတ် အပါး ၆၀ နှင့်အညီ နေထိုင်ကျင့်ကြံသွားကြရမည်ဖြစ်ကြောင်း၊ ကျောင်းဆင်းအမျိုးသမီးအရာရှိများအနေဖြင့်လည်း အမိန့်နာခံမှုနှင့် စိတ်ဓာတ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲကို စစ်ဆေးစဉ်။

စည်းကမ်းကောင်းမွန်သည့် ခေါင်းဆောင်ကောင်းများဖြစ်ရန် လိုအပ်သည့်အတွက် ခေါင်းဆောင်မှုနှင့်ပတ်သက်ပြီး အနည်းငယ် မှာကြားလိုကြောင်း။

တပ်မတော်တွင် **ပြဋ္ဌာန်းထားသည့် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက်အတိုင်း အမှန်တကယ်လိုက်နာ ကျင့်သုံးမည်ဆိုပါက အထက်အောက် ယုံကြည်အားထားရသည့် ခေါင်းဆောင်ကောင်းများဖြစ်လာကြမည်ဖြစ်**ကြောင်း၊ လုပ်ငန်းခွင်ကိုရောက်သည့်အခါ သင်တန်းကျောင်းတွင် သင်ယူခဲ့ရသည့် ခေါင်းဆောင်မှုပညာရပ်များကို လက်တွေ့အခြေအနေနှင့်ယှဉ်ပြီး လက်အောက်ငယ်သားများအပေါ်တွင် မိဘကောင်းသဖွယ် စိတ်ဓာတ်ဖြင့် တပ်မှူးကောင်းသဖွယ် စိတ်ဓာတ်မျိုးမွေးမြူပြီး ကျောသားရင်သား မခွဲခြားဘဲ ကွပ်ကဲကြီးကြပ်သွားကြရန် လိုအပ်ကြောင်း။

ထို့ပြင် **အထက်က ယုံကြည်စိတ်ချမှုနှင့် လက်အောက်ငယ်သားများ၏ ရိုသေလေးစားမှု၊ ယုံကြည်ကိုးစားမှု၊ သစ္စာရှိစွာပူးပေါင်းဆောင်ရွက်မှုများကိုရယူနိုင်အောင် ကြိုးပမ်းကြရန်လိုသကဲ့သို့ ကိုယ်တိုင်ကလည်း ရှေ့ဆောင်လမ်းပြနေရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ကျောင်းဆင်းအမျိုးသမီးအရာရှိများအနေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် ခေါင်းဆောင်မှုအင်္ဂါရပ်များကို တိတိကျကျ လိုက်နာကျင့်ကြံပြီး ထူးချွန်ထက်မြက်သည့် ခေါင်းဆောင်ကောင်းများ ဖြစ်လာအောင် အစဉ်ကြိုးပမ်းဆောင်ရွက်သွားကြရန် အလေး ထားမှာကြားလိုကြောင်း။**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်စဉ်။

**လက်ရှိကာလ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ကို ကြည့်မည်ဆိုပါက နိုင်ငံအတွင်း၌နေထိုင်ကြသည့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်မှုတို့ကို မဖြစ်မနေတည်ဆောက်ထားရန် လိုအပ်သည်ကို တွေ့ရှိရမည်ပင်ဖြစ်**ကြောင်း၊ **စည်းလုံးညီညွတ်ခြင်းသည် နိုင်ငံတော်အင်အားကို တောင့်တင်းခိုင်မာစေပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံ့အကျိုးစီးပွားကိုလည်းဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ထို့ကြောင့် “ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”** ဟူသောစကားနှင့်အညီ တိုင်းပြည်ကို ပြည်တွင်းအင်အားဖြင့်သာ တည်ဆောက်ကြရမည်ကို ပြောကြားလိုကြောင်း။

တပ်မတော်၏ အဓိကလုပ်ငန်းကြီး သုံးခုမှာ **“ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်”** ဆိုသည့်အချက်ကို ဖော်ပြထားခြင်းကြောင့် ယင်းအချက်ကို လက်တွေ့ဆောင်ရွက်ပေးခြင်းအားဖြင့် ပြည်သူလူထုကို စည်းရုံးပြီး သားဖြစ်စေကြောင်း၊ထို့ကြောင့်ကျောင်းဆင်း အမျိုးသမီးအရာရှိများအနေဖြင့် **“တပ်နှင့်ပြည်သူမြဲကြည်ဖြူ ဘယ်သူခွဲခွဲတို့မကွဲ အမြဲစည်းလုံးမည်”**ဆိုသည့်အချက်ကို ကောင်းစွာနားလည်သဘောပေါက်ပြီး ကျစ်လျစ်ခိုင်မာသည့် တပ်တွင်း၊ တပ်ပြင်စည်းရုံးရေးကို ဆက်လက်တည်ဆောက်ကြရမည်ဖြစ်သည်ကို တိုက်တွန်းပြောကြားလိုကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ တိုင်းပြည်တစ်ပြည်အတွက် မရှိမဖြစ်လိုအပ်သည့် ဥပဒေဖြစ်ပြီး နိုင်ငံတစ်နိုင်ငံကို မည်သည့်ဝါဒဖြင့် အုပ်ချုပ်မည်၊ မည်သည့်စနစ်ဖြင့် မောင်းနှင်မည်၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာနှင့် ဥပဒေပြုရေးအာဏာကို မည်သို့မည်ပုံ ခွဲဝေပိုင်းခြားမည်ဆိုသည်ကို ပြဋ္ဌာန်း သတ်မှတ်ပေးရခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အတွက် အုပ်ချုပ်ရေးအာဏာများခွဲဝေထားရှိပြီးဖြစ်သကဲ့သို့ နိုင်ငံနှင့် နိုင်ငံသူ၊ နိုင်ငံသား၊ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအကြား အာမခံချက်ပေးထားသည့် ဥပဒေလည်းဖြစ်ကြောင်း၊ အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်သူလူထု၏ တစ်ခဲနက်ထောက်ခံအတည်ပြုမှုဖြင့် ပေါ်ထွန်းလာခြင်းဖြစ်သဖြင့် ပြည်သူတစ်ရပ်လုံးက လေးစားလိုက်နာရမည်ဖြစ်သကဲ့သို့ ပြည်သူထဲကပေါက်ဖွားလာသည့် မိမိတို့တပ်မတော်သားများအနေဖြင့်လည်း ကာကွယ်စောင့်ရှောက်သွားရန် အဓိကတာဝန်ရှိသည်ကိုလည်း ပြောကြားလိုကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း(၁)၊ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(စ)တွင် **“တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်”** ဟု အတိအလင်း ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပြဋ္ဌာန်းချက်နှင့်အညီ မိမိတို့တပ်မတော်အနေဖြင့် ဒွိတာဝန်အရေးသုံးပါးကို အစဉ်တစိုက် ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးဖြစ်သည့် တပ်မတော်အနေဖြင့် ဆောင်ရွက်နေသမျှအရာအားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လျှောက်လှမ်းနေခြင်းဖြစ်ပြီး ဥပဒေကိုကျော်လွန်ဆောင်ရွက်ခြင်းမျိုးမရှိသည်ကိုလည်း ကျောင်းဆင်းအမျိုးသမီးအရာရှိများအနေဖြင့် နားလည်ထားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိတို့၏လူမှုအသိုက်အဝန်း၊ အဖွဲ့အစည်းများတွင် ကြုံတွေ့နေရသည့် ပြဿနာများကို လက်တွေ့ကျကျပြေလည်နိုင်စေရန် ကမ္ဘာ့နိုင်ငံများနည်းတူ ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စု၏ အနှစ်သာရများအတိုင်း ပြည်သူ့ဆန္ဒနှင့်အညီ ရေးဆွဲပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်သည်ကို ပြောကြားလိုကြောင်း။

၁၉၈၈ ခုနှစ်တွင် တပ်မတော်က နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရပြီးနောက် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြည်သူလူထု၏သဘောဆန္ဒနှင့်အညီ ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို စတင်လျှောက်လှမ်းခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကိုပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ ထိုသို့ဆောင်ရွက်သည့်နေရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်ရောက်ရှိလာစေရန် ၂၀၁၀ ပြည့်နှစ် ပထမဒီမိုကရေစီအစိုးရသက်တမ်းတွင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့်ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန်အတွက် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ရက်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ကို လက်မှတ်ရေးထိုးခဲ့ကြောင်း။

ငြိမ်းချမ်းရေးနှင့်ဆိုင်သည့် တွေ့ဆုံဆွေးနွေးမှုတိုင်းတွင်လည်း NCAနှင့် ပတ်သက်ပြီး အလေးအနက်ထားပြောကြားခဲ့ခြင်းသည် NCA စာချုပ်သည် နိုင်ငံအတွက် အရေးတကြီးလိုအပ်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အခြေခံကျပြီး အဓိကလုပ်ဆောင်ရမည့်အချက်ဖြစ်နေရန်ပင်ဖြစ်ကြောင်း၊တပ်မတော်အနေဖြင့် တစ်ဖက်သတ်အပစ်အခတ်ရပ်စဲကြောင်းကို အကြိမ်ပေါင်းများစွာ ထုတ်ပြန်ကြေညာခဲ့သကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်သည့် တွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်ရန် ဖိတ်ခေါ်မှုများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြောင်း၊ သို့သော် NCAတွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(EAO)အချို့သည် NCA ပါ ကတိကဝတ်များကို လိုက်နာမှုမရှိဘဲ သိသိသာသာချိုးဖောက်နေကြသည်ကိုတွေ့ရှိရကြောင်း၊ ထို့ပြင် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ပြင်ပမှသွေးထိုးမှုများကြောင့် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိလာခဲ့ခြင်းမရှိသည်ကိုလည်းတွေ့ရှိရကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍများတွင် အားနည်းချက်များဖြစ်ပေါ်ခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရန် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေသည့်အဖွဲ့များအနေဖြင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့် လမ်းစဉ်ကို စွန့်လွှတ်ကာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းကြရန်အချိန်တန်ပြီဖြစ်ကြောင်း၊ထို့ကြောင့်အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် **“ပြည်ထောင်စုအကျိုးအတွက် ထပ်မံဖိတ်ခေါ်ချက်”**ဆိုသည့် ထုတ်ပြန်ချက်ကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၈ ရက်တွင်ထုတ်ပြန်ပေးခဲ့ကြောင်း၊ **စာမျက်နှာ ၁၈ သို့**





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းလေးဦးနှင့် ၎င်းတို့၏မိဘဆွေမျိုးများကိုတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

စာမျက်နှာ ၁၇ မှအဆက်

ဤသည်မှာ တစ်နိုင်ငံတည်းသားချင်းဆိုသည့်စိတ်ဖြင့် အပြုသဘောဆောင်ပြီး စိတ်ရှည်သည်းခံစွာ အခွင့်အရေးပေးသည့် တပ်မတော်၏သဘောထားကြီးမှုကို ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း၊ သို့သော်လည်း ဥပဒေနှင့်မညီသည့် လက်နက်ကိုင်အကြမ်းဖက်သမားများ၏ တောင်းဆိုမှုများအပေါ် လိုက်လျောဖြေလျှော့ပေးသွားမည်မဟုတ်ခြင်းကြောင့် ရွေးကောက်ပွဲကျင်းပပြုလုပ်မည့်ကာလအတွင်း၌လည်း ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် အမြဲတမ်းစစ်ရေးအသိ၊ စစ်ရေးသတိရှိနေကြရန်လိုသည်ကို တိုက်တွန်းမှာကြားလိုကြောင်း။

ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေးကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပြီး သိက္ခာရှိသည့်ရွေးကောက်ပွဲ၊ အောင်မြင်သည့်ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပရာတွင်လည်း လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရန်အတွက် မဲစာရင်းများ မှန်ကန်တိကျရေးသည်လည်း အလွန်အရေးကြီးကြောင်း၊ မဲစာရင်းများ မှန်ကန်မှုရှိစေရန် ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း လူဦးရေနှင့် အိမ်အကြောင်းအရာစာရင်းကောက်ယူခဲ့ခြင်းကလည်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် မဲဆန္ဒရှင်လူဦးရေကိန်းဂဏန်းများ ပြည့်စုံမှန်ကန်စေရေးကိုလည်း အတိုင်းအတာတစ်ခုထိ အထောက်အကူပြုအောင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်ကို အသစ်ပြန်လည်ဖွဲ့စည်းခဲ့သကဲ့သို့ မဲဆန္ဒနယ်များအလိုက်အချက်အလက်များ ကောက်ယူခြင်းနှင့် နယ်မြေများအလိုက် လုံခြုံရေးဆိုင်ရာ အချက်အလက်များရယူခြင်းကိုလည်း ဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့အနေဖြင့် ယခင်ကြုံတွေ့ခဲ့ရသည့် ရွေးကောက်ပွဲမဲမသမာမှုဖြစ်စဉ်ဖြစ်ရပ်များကို သင်ခန်းစာယူပြီး လာမည့် ရွေးကောက်ပွဲတွင် မဲမသမာမှုများမဖြစ်စေရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲစာရင်းများမှားယွင်းမှုမရှိစေရန်အတွက် မြန်မာအီလက်ထရောနစ်မဲပေးစက်(Myanmar Electronic Voting Machine-MEVM)ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါစက်များသည်မဲမသမာမှုပြုလုပ်၍မရသည်ကို ပြောကြားလိုကြောင်း၊ ရွေးကောက်ပွဲတွင်ပါဝင်ကြမည့် နိုင်ငံရေးပါတီဝင်များ၊ ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးစဉ်ကာလမှ မဲပေးသည့်ကာလထိ လုံခြုံစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် အကာအကွယ်ပေးမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ယခုကျင်းပမည့်ရွေးကောက်ပွဲကြီးတွင် ဥပဒေနှင့်အညီ မဲပေးခွင့်ရှိသူ ကျောင်းဆင်းအမျိုးသမီးအရာရှိများအပါအဝင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး လွတ်လပ်စွာဆန္ဒမဲပေးခြင်းဖြင့် ဒီမိုကရေစီစနစ်ကိုအခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်ဆီလျှောက်လှမ်းကြရန် ပြောကြားလိုကြောင်း။

မိမိတို့တပ်မတော်တွင် ထူးချွန်ပြောင်မြောက်သည့် အမျိုးသမီးစစ်မှုထမ်းများစွာပေါ်ပေါက်ခဲ့ပြီး ရာထူးအမျိုးမျိုးဖြင့် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့ကြသကဲ့သို့ ပေးအပ်လာမည့်တာဝန်များကို နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ကျေပွန်အောင် ကြိုးပမ်းထမ်းဆောင်သွားကြရန်၊ စစ်စည်းကမ်းကို တိကျစွာလိုက်နာပြီး အမိန့်နာခံမှုအားကောင်းသည့် အထက်အောက် ယုံကြည်ကိုးစားရသူများဖြစ်အောင်ကြိုးပမ်းသွားကြရန်၊ ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်အညီ ကြိုးစားနေထိုင်ကြကာ ပေးအပ်လာသည့်ရည်မှန်းချက်တာဝန်များအပေါ် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှဆောင်ရွက်ကြပြီး တပ်မတော်၏ဂုဏ်ကိုဆောင်နိုင်သည့် အရာရှိများဖြစ်အောင် ကြိုးပမ်းကြရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏အနှစ်သာရ၊ ပြည်တွင်းတည်ငြိမ်အေးချမ်းခြင်း၏တန်ဖိုးများကို ကိုယ်တိုင်နားလည်သိရှိပြီး နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် အမျိုးသမီးအရာရှိကောင်းများဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

**လက်ရှိကာလ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပေါ်နေသည့် အခြေအနေအရပ်ရပ်ကို ကြည့်မည်ဆိုပါက နိုင်ငံအတွင်း၌ နေထိုင်ကြသည့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံးစည်းလုံးညီညွတ်မှုတို့ကို မဖြစ်မနေတည်ဆောက်ထားရန်လိုအပ်သည်ကို တွေ့ရှိရမည်ပင်ဖြစ် . . .**

**စည်းလုံးညီညွတ်ခြင်းသည် နိုင်ငံတော်အင်အားကို တောင့်တင်းခိုင်မာစေပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံ့အကျိုးစီးပွားကိုလည်း ဖြစ်ထွန်းစေမည်ဖြစ် . . .**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြ အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းဌာနချုပ်ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသူများဖြစ်သည့် အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း ဆွေဇင်ဖြိုးဝေ၊ သေနတ်ပစ်အကောင်းဆုံးဆုရ ဗိုလ်လောင်း သင်းကြူလှိုင်၊ စစ်ရေးပြအကောင်းဆုံးဆုရ ဗိုလ်လောင်း ယဉ်မင်းသန့်၊ ကြံ့ခိုင်ရေး အကောင်းဆုံးဆုရ ဗိုလ်လောင်းခင်မြင့်မိုရ်ထွန်းတို့နှင့် ၎င်းတို့၏မိဘဆွေမျိုးများကို တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ထူးချွန်ဆုများရရှိခဲ့ကြသဖြင့် မိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သင်တန်းကာလတစ်လျှောက် စဉ်ဆက်မပြတ်ကြိုးစားအားထုတ်မှုနှင့် မိမိကိုယ်ကို ထိန်းသိမ်းဆောင်ရွက်တတ်သည့် အခြေခံကောင်းများကိုလည်း ဘဝတစ်လျှောက်လုံး ဆက်လက်ထိန်းသိမ်းသွားကြရန်လိုကြောင်း၊ လူတိုင်းတွင် ဘဝရည်မှန်းချက်၊ မျှော်မှန်းချက်များရှိကြပြီး အဆိုပါ ရည်မှန်းချက်၊ မျှော်မှန်းချက်များ မပျောက်ပျက်အောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် အမျိုးသမီးများ၏အခန်းကဏ္ဍနှင့် ပတ်သက်၍ လွတ်လပ်ရေးကြိုးပမ်းမှုမှစ၍ နယ်ပယ်အသီးသီးတွင် အမျိုးသမီးများသည်လည်း အမျိုးသားများနှင့် တန်းတူ ပါဝင်အားဖြည့်လျက်ရှိသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊

ငယ်စဉ်ကလေးဘဝမှ ယခုအချိန်ထိ ကျွေးမွေးစောင့်ရှောက်ထိန်းသိမ်းသွန်သင်ပေးခဲ့သည့် မိဘဆရာသမားများ၏ ကျေးဇူးကို မမေ့ရန်နှင့် မိသားစုက ဂုဏ်ယူရသည့်၊ နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် တပ်မတော်အရာရှိကောင်းများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန်လိုကြောင်း၊ ထူးချွန်ဆုများရရှိပြီး သင်တန်းဆင်းခဲ့ကြသူများဖြစ်သဖြင့် မိမိတို့တွင် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်း၍ မိမိဘဝတိုးတက်အောင်၊ မိမိရည်မှန်းချက်များ မပျောက်ပျက်ရအောင် စဉ်ဆက်မပြတ်ဆက်လက်ကြိုးစားအားထုတ်သွားရန် လိုကြောင်း၊ မိမိတို့ဘဝတိုးတက်လမ်းကိုအထောက်အပံ့ကောင်းများဖြစ်စေနိုင်မည့် စာပေပညာသင်ယူခြင်း၊ စာကောင်းပေမွန်များကို ဖတ်မှတ်လေ့လာခြင်း၊ အခြားသူများသို့ မျှဝေပေးခြင်းများကိုလည်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရှေ့ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးလမ်းတွင်လည်း မိမိကိုယ်ကိုတန်ဖိုးထား၍ ထိန်းထိန်းသိမ်းသိမ်းနေထိုင်ပြီး မိမိတို့တာဝန်ကျသည့်မည်သည့်နယ်ပယ်တွင်မဆို တိုင်းပြည်ကောင်းရာကောင်းကျိုးကို အကျိုးပြုနိုင်သူများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သင်တန်းဆင်းအမျိုးသမီးအရာရှိများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ဂုဏ်ပြုစစ်တီးဝိုင်းတပ်ခွဲ၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၂**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါသင်တန်းဆင်း ဂုဏ်ပြုညစာ စားပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ် ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်း ကျောင်း(မှော်ဘီ) ခေတ္တကျောင်းအုပ်ကြီး နှင့် မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်းဗိုလ်လောင်းများ၏ မိဘ ဆွေမျိုးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက် ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်း အမျိုးသမီးအရာရှိများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များ သည် သင်တန်းဆင်းအမျိုးသမီးအရာရှိ များ၊ ညစာစားပွဲ တက်ရောက်လာကြသူ များနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဂုဏ်ပြု စစ်တီးဝိုင်းတပ်ခွဲ၏ ဂုဏ်ပြုတီးမှုတ်မှုကို ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းဆင်းအမျိုးသမီး အရာရှိများနှင့်အတူ မြဝတီသဘင်ဆောင် ၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှု အောက် မြဝတီတေးဂီတအဖွဲ့၏ တေးသီချင်းများ၊ တစ်ခန်းရပ်ပြဇာတ်ဖြင့် ဂုဏ်ပြုဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်း ရရှိသည်။ (မဝဝ)

## စာဆိုဗိမာန်အဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် စာပေအနုသုခုမလက်ရာများနှင့်သက်ဆိုင်သည့်ပစ္စည်းများ လှူဒါန်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော စာပေလောက၏ဂုဏ်ကိုညွှန်းဆိုနိုင်မည့် စာဆိုဗိမာန်တစ်ခု အောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုဗိမာန် သုံးထပ် (RC) အဆောက်အအုံတည်ဆောက်လျက်ရှိရာ မကြာခင်ကာလတွင် ပြီးစီးမည်ဖြစ်ပါသဖြင့် ယင်းအဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် ခေတ်ကာလအဆက်ဆက်စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမလက်ရာများနှင့် ဒြပ်ရှိ၊ ဒြပ်မဲ့ အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ပေ၊ ပုရပိုက်များနှင့် ဆက်စပ်ပစ္စည်းများ၊ ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ ဓာတ်ပုံ၊ လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊ ၎င်းတို့ရေးသားခဲ့ကြသည့် စာအုပ်စာစောင်များနှင့် ဆုရရှိခဲ့ကြသည့် စာအုပ်စာစောင်များ၊ ခေတ်ကာလအလိုက် ချီးမြှင့်ပေးခဲ့ကြသည့် စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ်များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်ဓာတ်ပုံများ၊ မိမိတို့ စုဆောင်း သိမ်းဆည်းထားသော စာပေနှင့်သက်ဆိုင်သည့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းတို့ကို လှူဒါန်းနိုင်ပြီး လှူဒါန်းသည့်အလှူရှင်များ၏ အမည်များကို မှတ်တမ်းကမ္ပည်းရေးထိုးပေးမည်ဖြစ်ကြောင်းနှင့် အောက်ဖော်ပြပါ လိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(က) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(ရန်ကုန်)
အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းနှင့်
၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁၈-၃၈၀၄၄၇

(ခ) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(မန္တလေး)
အမှတ်(၁၅၉) ၈၆ လမ်း ၂၁ - ၂၂ လမ်းကြား ပုလဲငွေရောင်ရပ်ကွက်
မန္တလေးတိုင်းဒေသကြီး ဖုန်း ၀၉-၇၉၅၂၇၉၀၂၅

(ဂ) **စာတည်း**
စီမံရေးရာဌာနခွဲ
နေပြည်တော်ရုံးချုပ်
ရုံးအမှတ်(၇) နေပြည်တော် ဖုန်း ၀၉-၅၁၉၄၀၇၁

(သတင်းစဉ်)






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတကာအဆင့်မီ အနုပညာဇာတ်ရုံ (ရန်ကုန်)အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

☆ ကျောဖုံးမှအဆက်


မန္တလေးမြို့တို့တွင် အနုပညာဇာတ်ရုံများကို နိုင်ငံတကာအဆင့်မီ အနုပညာဇာတ်ရုံများအဖြစ် တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု နောက်ခံသမိုင်းကြောင်း အခြေအနေများ၊ ဒီမိုကရေစီဒုတိယအစိုးရ သက်တမ်းကာလတွင် အဆိုပါနိုင်ငံတကာအဆင့်မီ အနုပညာဇာတ်ရုံ တည်ဆောက်ရေးလုပ်ငန်းများ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းဆက်လက်အကောင်အထည်ဖော်ရန် ရပ်တန့်ခဲ့ရမှုအခြေအနေများ၊ အဆိုပါရပ်တန့်ခဲ့ရသည့် တည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် အဆောက်အအုံဒီဇိုင်းများအား မြန်မာ့ယဉ်ကျေးမှုကို ဖော်ညွှန်းပြသနိုင်သည့်ဒီဇိုင်းများဖြင့် ပုံဖော်တည်ဆောက်သွားမည့်အခြေအနေများနှင့် လုပ်ငန်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိုင်ငံတကာအဆင့်မီ အနုပညာဇာတ်ရုံ(ရန်ကုန်)ကို မူလရည်မှန်းချက်များနှင့်အညီ ဖြစ်စေရေး ဆက်လက်အကောင်အထည်ဖော် တည်ဆောက်သွားရန်လိုကြောင်း၊ ထိုသို့တည်ဆောက်ရာတွင်လည်း နိုင်ငံတကာအဆင့်မီသည့် ဆက်တင်များ၊ Lighting စနစ်များ၊ အသံစနစ်များကို စနစ်တကျတွက်ချက်ထည့်သွင်း တည်ဆောက်သွားရန်လိုကြောင်း၊ ယခုအနုပညာဇာတ်ရုံအတွင်း အော်ပရာ ပြဇာတ်များတင်ဆက်ပြသနိုင်သည့်အဆင့်ဖြစ်အောင်တည်ဆောက်သွားရန်လိုကြောင်း၊ ယခုအနုပညာဇာတ်ရုံကို ဆက်လက်အကောင်အထည်ဖော်တည်ဆောက်ခြင်းသည် မြန်မာ့ရုပ်ရှင်၊ သဘင်၊ ဂီတ စသည့် အနုပညာရပ်များ ဆက်လက်ထိန်းသိမ်းပြီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ရည်ရွယ်၍ နိုင်ငံတော်က အလေးထားဆောင်ရွက်နေခြင်းဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် နိုင်ငံတကာအဆင့်မီ အနုပညာဇာတ်ရုံ (ရန်ကုန်) တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါနိုင်ငံတကာအဆင့်မီအနုပညာဇာတ်ရုံများ တည်ဆောက်ခြင်းစီမံကိန်းများအနေဖြင့် ဒီမိုကရေစီဒုတိယအစိုးရသက်တမ်းကာလတွင် လုပ်ငန်းဆက်လက်အကောင်အထည်ဖော်မှုရပ်တန့်ခဲ့ရသဖြင့် အနုပညာရှင်များ၏ မြန်မာ့ရုပ်ရှင်၊ သဘင်၊ ဂီတ စသည့် အနုပညာရပ်များ ဖော်ထုတ်ခွင့် ၁၀နှစ်ခန့်နောက်ကျခဲ့ရကြောင်း၊ ယခုအခါ နိုင်ငံတကာအဆင့်မီ အနုပညာဇာတ်ရုံများတည်ဆောက်ခြင်း စီမံကိန်းများကို အမြန်ဆုံးဆက်လက်အကောင်အထည်ဖော်၍ မြန်မာ့ရုပ်ရှင်၊ သဘင်၊ ဂီတ စသည့် အနုပညာရပ်များ ဆက်လက်ထိန်းသိမ်းပြီး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# Online Scam တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံနှင့် ဒေသတွင်းနိုင်ငံများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၁၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာလျိုကျုံးရှိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်ထံ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၈)၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် Online Scam တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံနှင့် ဒေသတွင်းနိုင်ငံများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊ Online Scam ကိုအကြောင်းပြု၍ ပြည်ပနိုင်ငံများမှ ဝင်ရောက်စွက်ဖက်မှု လက်မခံရေး၊ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ၏ လုပ်ငန်းစဉ်များကို တရုတ်နိုင်ငံအနေဖြင့် ထောက်ခံပါကြောင်းနှင့် ပါဝင်ပူးပေါင်းပြီး အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ရေးတို့နှင့်စပ်လျဉ်း၍ ချစ်ကြည်ရင်းနှီး စွာဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မစ္စတာလျိုကျုံးရှိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဆက်လက်၍ မြန်မာ – တရုတ် နှစ်နိုင်ငံအကြား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသများရှိ အွန်လိုင်းလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) တိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ တရုတ်နိုင်ငံသားများကို ရှာဖွေကူညီကယ်တင်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်လွှဲပြောင်းပေးရေး၊ နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ မူဆယ်–တယ်ဟုန် ခရိုင်အဆင့်ရဲတပ်ဖွဲ့များအကြားပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ(မူကြမ်း)တို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ကိုယ်စားလှယ်အဖွဲ့တို့သည် မြဝတီဒေသရှိ Online Scam တိုက်ဖျက်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို သွားရောက်ကွင်းဆင်း လေ့လာကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခုတို့မှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများကို ဆေးတက္ကသိုလ်ဝင်ခွင့် လျှောက်လွှာခေါ်ယူသည့် ကြေညာချက်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

၂၀၂၅ ပညာသင်နှစ် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်များအတွက် နိုင်ငံတော်က ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခု(နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ "ဝ") တို့မှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး အခြေခံပညာ သင်တန်း (GRADE-10, GRADE-11, GRADE-12) များကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများကို ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာခေါ်ယူထားကြောင်း၊ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ဖော်ပြအပ်ပါသည်။

လျှောက်လွှာများကို ဒီဇင်ဘာ ၁၈ ရက် နောက်ဆုံးထား၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန Website www.moh.gov.mm နှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန Website www.hrh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ကြေညာအပ်ပါသည်။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တာ့ခ်မင်နစ္စတန်နိုင်ငံ အက်ရှ်ဂါဘတ်မြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနှင့် ယုံကြည်မှုနှစ်အထိမ်းအမှတ် နိုင်ငံတကာဖိုရမ်သို့ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၂

အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် ယုံကြည်မှုနှစ်အထိမ်းအမှတ် နိုင်ငံတကာဖိုရမ်ကို ယနေ့နံနက်ပိုင်းတွင် တာ့ခ်မင်နစ္စတန်နိုင်ငံ အက်ရှ်ဂါဘတ်မြို့ရှိ တာ့ခ်မင်နစ္စတန် ကွန်ဂရက်စင်တာ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်သည်။

အခမ်းအနားတွင် တာ့ခ်မင်နစ္စတန်နိုင်ငံ၏ အမြဲတမ်းကြားနေမူဝါဒနှစ် ၃၀ ပြည့်အထိမ်းအမှတ် ဂုဏ်ပြုပန်းစည်းချအခမ်းအနားသို့ ဖိတ်ကြားထားသည့် နိုင်ငံတကာမှ ခေါင်းဆောင်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်ခေါင်းဆောင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်အတူ ပါဝင်တက်ရောက်ခဲ့ရာ တာ့ခ်မင်နစ္စတန်နိုင်ငံ သမ္မတ Mr. SerdarBer-dimuhamedov က တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ပြီး တာ့ခ်မင်နစ္စတန်နိုင်ငံ၏ အမြဲတမ်းကြားနေမူဝါဒနှစ် ၃၀ ပြည့်အထိမ်းအမှတ်အဖြစ် ပန်းစည်းချဂုဏ်ပြုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတကာမှ ခေါင်းဆောင်များသည် တာ့ခ်မင်နစ္စတန် ကွန်ဂရက်စင်တာ ဧည့်ခန်းမ၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် ဖိုရမ်အခမ်းအနားကို ငြိမ်းချမ်းရေးနှင့် ယုံကြည်မှု – **"စဉ်ဆက်မပြတ်သော အနာဂတ်အတွက် ရည်မှန်းချက်ပန်းတိုင်များ ပေါင်းစည်းခြင်း"** ခေါင်းစဉ်ဖြင့်ကျင်းပရာ တာ့ခ်မင်နစ္စတန်နိုင်ငံသမ္မတ Mr. Serdar Berdimuham-edov က အဖွင့်မိန့်ခွန်း ပြောကြားပြီး နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသည့် နိုင်ငံအလိုက်ခေါင်းဆောင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက မိန့်ခွန်းများ အသီးသီးပြောကြားကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တာ့ခ်မင်နစ္စတန်နိုင်ငံ အက်ရှ်ဂါဘတ်မြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနှင့် ယုံကြည်မှုနှစ်အထိမ်းအမှတ် နိုင်ငံတကာဖိုရမ်သို့ တက်ရောက်စဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် အခမ်းအနားသို့တက်ရောက်လာကြသည့် နိုင်ငံတကာမှ ခေါင်းဆောင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုမိန့်ခွန်းပြောကြားရာတွင် ယခုကျင်းပသည့် အထိမ်းအမှတ်ဖိုရမ်အခမ်းအနားသည် တာ့ခ်မင်နစ္စတန်နိုင်ငံ၏ အမြဲတမ်းကြားနေမူဝါဒနှစ် ၃၀ ပြည့် အထိမ်းအမှတ်အခါသမယနှင့်လည်း တိုက်ဆိုင်နေခြင်းကြောင့် ထူးခြားအရေးပါသည့်အခမ်းအနားတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ တည်ထောင်သူ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူငါးရပ်ကို ကိုင်စွဲကျင့်သုံးလျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ နှင့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ခဲ့ရသည့်အခါတွင် နိုင်ငံတကာအသိုက်အဝန်းက ကူညီဆောင်ရွက်ပေးခဲ့မှုအခြေအနေများ၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေမှုနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့များကိုလည်း ဖိတ်ကြားထားသည့် အခြေအနေများကို ဆွေးနွေးပြောကြားပြီး တာ့ခ်မင်နစ္စတန်နိုင်ငံက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ယမန်နေ့ကလည်း နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မာဆော့ပါဇက်ရှ်ကီရမ်နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေး ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံစွမ်းအင်ကဏ္ဍဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အခြားနိုင်ငံ့ခေါင်းဆောင်များနှင့်လည်း ရင်းရင်းနှီးနှီး နိုင်ငံတကာကိစ္စရပ်များဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (ဖြဝ၁)

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၁၂

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်သူရ ဆေးကုသမှုခံယူနေသူများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံနှင့် ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံတက်လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဖြဝ၁)

# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၅)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်များ၊ မဟာဗျူဟာအကောင်အထည်ဖော်မှုကြီးကြပ်ရေးအဖွဲ့မှ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံကို FATF က ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှစ၍ တိုးတက်ဆောင်ရွက်မှုများကို စောင့်ကြည့်ရမည့် နိုင်ငံနှင့် ဒေသများစာရင်း(Gray List)တွင် ထည့်သွင်းခဲ့သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် လတ်တလောအကောင်အထည်ဖော်ဆောင်ရွက်ရမည့်အစီအမံ (Action Plan) တွင်ပါသည့် အချက် ၁၅ ချက်အပေါ် အလေးထား၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တိုးတက်ဆောင်ရွက်မှုအစီရင်ခံစာပေးပို့ခြင်းနှင့် မျက်နှာစုံညီအစည်းအဝေး တက်ရောက်ခြင်းတို့ကို လေးလတစ်ကြိမ် ဆောင်ရွက်လျက်ရှိပါကြောင်း။



Action Plan ပါအချက်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ဆောင်ရွက်ရမည့် Action Plan ပါ အချက် ၁၅ ချက်အနက် ယခုလက်ရှိအချက် ငါးချက်သာကျန်ရှိတော့သဖြင့် ကျန်ရှိသည့်အချက်များကိုပြီးမြောက်စေရေး သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း။

မူလပြစ်မှုများ စုံစမ်းစစ်ဆေးသည့် ဥပဒေစိုးမိုးရေး အဖွဲ့အစည်းများအနေဖြင့် သံသယရှိသူများနှင့် ဆက်နွယ်မှုရှိသည့် ၎င်းတို့၏ပိုင်ဆိုင်မှုများကို ဖော်ထုတ်နိုင်ရေး ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ သက်ဆိုင်ရာဌာနများမှ သတင်းအချက်အလက်များ တောင်းခံအသုံးပြုပြီး ငွေကြေးခဝါချမှု ဖြစ်နိုင်ခြေများကို ဖော်ထုတ်နိုင်ရေး၊ ပိုင်ဆိုင်မှုများကိုလည်း စုံစမ်းစစ်ဆေးစဉ်အတွင်း ယာယီတားမြစ်ခြင်း၊ သိမ်းဆည်းခြင်း၊ နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းခြင်းတို့ တိုးမြှင့်ဆောင်ရွက်ရေး လိုအပ်သည့် သတင်းအချက်အလက်များကိုလည်း ပြည်တွင်းအဖွဲ့အစည်းများ၊ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများထံ တောင်းခံအသုံးပြုသွားရန်လိုအပ်ကြောင်း။

ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သည့် စီးပွားရေးအဖွဲ့အစည်းများ စသည့် သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ဆုံးရှုံးနိုင်ခြေမြင့်မားသည့် ပြစ်မှုများဖြစ်သည့် မူးယစ်ဆေးဝါးမှု၊ အဂတိလိုက်စားမှု၊ အခွန်ဆိုင်ရာမှုခင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မှုခင်းများနှင့်ဆက်နွယ်သည့် သံသယဖြစ်ဖွယ်သတင်းပို့ချက်များကို ဖော်ထုတ်နိုင်ရန်အတွက် ငွေကြေးနှင့် ပစ္စည်းလွှဲပြောင်းဆောင်ရွက်မှုများအပေါ် စောင့်ကြည့်ပြီး FIU သို့ သတင်းပေးပို့ရေး၊ သတင်းပို့ချက်အရည်အသွေးမြင့်မားရေးကိုလည်း အလေးထားဆောင်ရွက်ရေးနှင့် သက်ဆိုင်ရာကြီးကြပ်ရေးအာဏာပိုင်များက ကြပ်မတ်ဆောင်ရွက်ရေး၊ ကမ္ဘာတစ်ဝန်းနှင့် ဒေသတွင်းနိုင်ငံများတွင် ဖြစ်ပွားမှုနှုန်း တိုးမြှင့်လာသည့် အွန်လိုင်းလိမ်လည်ကျူးလွန်မှုများနှင့်ဆက်နွယ်သည့် ငွေကြေးခဝါချမှုများကိုလည်း ထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်သွားရေးတို့ကို တိုက်တွန်းပါကြောင်း။

၂၀၃၀ ပြည့်နှစ်တွင် ဆောင်ရွက်မည့် တတိယအကြိမ် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (Mutual Evaluation-ME)အတွက် သက်ဆိုင်ရာဌာနများအနေဖြင့် ကြိုတင်ပြင်ဆင်မှုများ၊ စနစ်တကျအစီအမံများရေးဆွဲဆောင်ရွက်သွားရန် လိုအပ်သည့်အရင်းအမြစ်များ ကြိုတင်စီမံထားကြရန် တိုက်တွန်းပါကြောင်း၊ ငွေကြေးခဝါချမှုများကို စစ်ဆေးသည့် စိစစ်ရေးအဖွဲ့များအနေဖြင့် အမှုစစ်ဆေးရာတွင် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပြီး အစီရင်ခံစာများ တင်ပြရာတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနည်းဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ အထောက်အထားခိုင်လုံစွာဖြင့် စစ်ဆေးချက်ရလဒ်များအပေါ် တာဝန်ယူမှုတာဝန်ခံမှုရှိစေရေးနှင့် အဂတိတရားကင်းစွာ ဆောင်ရွက်ရေး တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၂၄-၂၀၂၈)ကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၁ ရက်မှစတင်၍ မဟာဗျူဟာနယ်ပယ် ငါးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ပြီး ၂၀၂၅ ခုနှစ် တတိယလေးလပတ်ကာလထိ ၄၇ ဒသမ ၂ ရာခိုင်နှုန်းကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ နည်းပညာဆန်းသစ်တီထွင်မှုများသည် လူ့ဘောင်အဖွဲ့အစည်းနှင့် စီးပွားရေးကဏ္ဍတိုင်းတွင် ထုတ်လုပ်မှုစွမ်းအားကို တစ်ဟုန်ထိုးမြှင့်တင်ပေးနေပြီး အခြားတစ်ဖက်တွင်လည်း ပြစ်မှုကျူးလွန်သူများသည် နည်းပညာတိုးတက်မှုကို တလွဲအသုံးချပြီး ဆိုက်ဘာမှုခင်းများအပါအဝင် လိမ်လည်မှု၊ ငွေကြေးခဝါချမှုပြစ်မှုများကို ကျူးလွန်လာနေကြကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့တို့မှ တက်ရောက်လာသူများ၊ မဟာဗျူဟာအကောင်အထည်ဖော်မှုကြီးကြပ်ရေးအဖွဲ့မှ ဥက္ကဋ္ဌများက ကဏ္ဍအလိုက်ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေး ဦးစီးကော်မတီညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၁၂**

လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေး ဦးစီးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် M Gallery ဟိုတယ်၌ကျင်းပရာ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိုင်ငံတည်ဆောက်ရေးတွင် လူငယ်များ၏ အခန်းကဏ္ဍသည် အရေးကြီးသည့်အတွက် ယခုကျင်းပပြုလုပ်မည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကို ကျင်းပခြင်းဖြစ်ကြောင်း၊ Nation Building တွင် လူငယ်များကို ပါဝင်စေလိုကြောင်း၊ လူငယ်များအား ငြိမ်းချမ်းသည့် ပတ်ဝန်းကျင်ကို လက်ဆင့်ကမ်းပေးလိုကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ထက်ဝက်ကျော်သည် လူငယ်များဖြစ်ကြောင်း၊ ကျောင်းနေအရွယ်လူငယ်များကို စုစည်း၍ ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် အယူအဆအတွေးအခေါ်များကို ဆွေးနွေးဖော်ထုတ်သွားမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် ဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းကော်မတီဖွဲ့စည်းမည့် ကိစ္စများကိုလည်း အကြံပြု ဆွေးနွေးဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ လူငယ်ငြိမ်းချမ်းရေးဖိုရမ်ဦးစီးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ယခုကျင်းပပြုလုပ်မည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ်သည် NCA ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား အလုပ်ရုံဆွေးနွေးပွဲ၏ အကြံပြုချက်များအရ ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ လူငယ်ငြိမ်းချမ်းရေးဖိုရမ်က နိုင်ငံတည်ဆောက်ရေးတွင် အရေးပါသည့် လူငယ်များ၏အခန်းကဏ္ဍကို ငြိမ်းချမ်းရေးနှင့်ချိတ်ဆက်၍ ဆွေးနွေးဖော်ထုတ်သွားမည်ဖြစ်ကြောင်း၊ အနာဂတ်ကာလ နိုင်ငံတည်ငြိမ်ရေး၌ လူငယ်များအနေဖြင့် တစ်ဖက်တစ်လမ်းက အထောက်အကူပြု ပူးပေါင်းပါဝင်လာစေရန်အတွက် လမ်းကြောင်းများ ဖော်ထုတ်ပေးရန်လိုအပ်ကြောင်းနှင့် လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကျင်းပရေးလုပ်ငန်းကိစ္စရပ်များ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအခြေအနေ၊ ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများက လုပ်ငန်းကဏ္ဍအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေး၍ တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးကြပြီး ဦးစီးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မတူကွဲပြားသည့် တိုင်းရင်းသားမျိုးနွယ်များ၊ နေရာဒေသနှင့် လူမှုစီးပွားနောက်ခံအမျိုးမျိုးမှ လူငယ်များသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသောအနာဂတ်ကို ပုံဖော်ရာတွင် အဓိပ္ပာယ်ပြည့်ဝသောအခန်းကဏ္ဍကပါဝင်လာစေရန် လွန်စွာပင်အရေးကြီးသည့်အတွက် Youth Peace Forum 2026 ဆွေးနွေးပွဲကို မတူညီသောနောက်ခံအကြောင်းအရာနှင့် အလွှာအသီးသီးမှ လူငယ်များအတွက် ၎င်းတို့၏ အမြင်များကို မျှဝေရန်၊ အပြန်အလှန်ယုံကြည်မှုခိုင်မြဲရန်၊ လူမှုသဟဇာတမြင့်တင်ခြင်းတွင် ၎င်းတို့၏အခန်းကဏ္ဍကို ရှာဖွေရန်နှင့် ဘက်ညီသောအခင်းအကျင်းတစ်ရပ် ပေါ်ပေါက်လာစေရန် ရည်ရွယ်၍ လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကို ကျင်းပပြုလုပ်ရန်စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့သမဝါယမစတင်ခြင်း ၁၂၀ နှစ်မြောက် နှစ်ပတ်လည်နေ့
အထိမ်းအမှတ်
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်
“လူမှုစီးပွားဘဝမြင့်တင်ဖို့ သမဝါယမကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်စို့”

(၂၄)ကြိမ်မြောက်
မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ နှင့်
မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ
၂၀၂၅ ခုနှစ် ဒီဇင်ဘာလ (၁၅၊ ၁၆၊ ၁၇) နေပြည်တော်

# တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) သင်တန်းဆင်းဗိုလ်လောင်းများကို ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၂) ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) မြဝတီခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ခေတ္တကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး သက်ဆွေငြိမ်းနှင့် ကျောင်းဆင်းဗိုလ်လောင်းများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ်အရ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ခေတ္တကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက ကျောင်းဆင်းဗိုလ်လောင်းတစ်ဦးချင်းစီကို ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်သည်။

ပြန်တမ်းဝင်ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးထိန်ဝင်းက အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း ကျောင်းဆင်းဗိုလ်လောင်း တစ်ဦးချင်းစီကို ပြန်တမ်းဝင် ခန့်အပ်လွှာများ ပေးအပ်စဉ်။

ယနေ့ကျင်းပပြုလုပ်သည့် ပြန်တမ်းဝင်အရာရှိခန့်အပ်ခြင်း အခမ်းအနားတွင် ကျောင်းဆင်းဘွဲ့ရ အမျိုးသမီးဗိုလ်လောင်းများကို ဒုတိယဗိုလ်အဆင့်ဖြင့် ရာထူးခန့်အပ်ပေးအပ်ခြင်းဖြစ်သည်။ ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းကို တပ်မတော်အတွက် အရည်အချင်းပြည့်ဝသည့် ဦးစီးအရာရှိများ မွေးထုတ်ပေးရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)၌ ၂၀၁၄ ခုနှစ်မှ စတင်ဖွင့်လှစ်သင်ကြားခဲ့ပြီး ယခုအခါ ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၂) ထိ လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်းနှင့် သင်တန်းဆင်း အမျိုးသမီးအရာရှိများ အနေဖြင့် သက်ဆိုင်ရာ(ကြည်း၊ရေ၊လေ) လက်ရုံးတပ်ဖွဲ့များတွင် အသီးသီးတာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဖျာပုံမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဖျာပုံမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၂**

တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ဖျာပုံမြို့နယ်ရှိ ရွှေစင်လမင်းဆီဆိုင်ဝင်းအတွင်း၌အခြေပြု၍ အဆိုပါမြို့နယ်နှင့် အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာရောဂါ ၁၇၅ ဦး၊ ခွဲစိတ်ရောဂါ ၁၇ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၃ ဦး၊ ကလေးရောဂါ ၂၈ ဦး၊ အရိုးရောဂါဦးရေ ၁၁၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၀ ဦး၊ မျက်စိရောဂါ ၉၇ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၂၇ ဦး စုစုပေါင်း ဒေသခံပြည်သူ ၄၈၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ သုံးဦး၊ မျက်စိခွဲစိတ်လူနာ နှစ်ဦး၊ သွားနုတ်၊ သွားဖာလူနာ ၁၄ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၈ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၆ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၃ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။






အဆိုပါ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ရောက်ရှိနေခြင်းဖြစ်ပြီး ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည် –

“ကျွန်မနာမည်က ဒေါ်လှလှသန်းပါ။ ဖျာပုံမြို့ (၂) ရပ်ကွက်ကနေ လာပြီးပြတာပါ။ မျက်စိရောဂါနဲ့ အရိုးအကြောရောဂါပါ။ မျက်စိမှာက မည်းမည်းအဆန်လေးတွေ တွေ့လို့ပြတာပါ။ အရိုးအကြောကျတော့ ခါးနာလို့လာပြတာပါ။ မျက်စိကလဲ လေး၊ ငါးလ၊ အရိုးအကြောကလဲ ငါးလ၊ ခြောက်လရှိပါပြီ။ ဆရာဝန်က အားဆေးတွေလဲပေးတယ်။ အရိုးအကြောဆရာက ငြိမ်ငြိမ်နေဖို့ပြောတယ်။ အားဆေးသောက်မယ်။ အာရုံကြောဆေးလဲပေးလိုက်တယ်။ အလေးအပင် မမဖို့လဲ ပြောလိုက်တယ်။ နယ်အထိရောက်အောင်လာပြီးတော့ ဆေးကုသပေးတဲ့အတွက် ကျေးဇူးလဲတင်တယ်။ မရှိတဲ့လူတွေအတွက်လဲ အထောက်အကူအများကြီးရတယ်။ နောက်လဲ အဲ့ဒီလိုပဲ ကြိုးစားပြီး လာရောက်ကုသပေးပါလို့ ပြောချင်ပါတယ် ဟု ပြောသည်။

“မအေးမြင့်ဝေပါ။ ဖျာပုံ ၁၂ ရပ်ကွက်ကနေ လာပြီးပြတာပါ။ ကိုယ်ဝန်လာပြတာပေ့ါ။ ဒီမှာနယ်လှည့်ပြီးတော့ လာတယ်ဆိုလို့ အဲ့ဒါနဲ့ လာပြလိုက်တာပေ့ါ။ Ultrasound ရိုက်တာ။ Ultrasound ကရိုက်ထားတယ်၊ လ နုသေးတော့ ယောကျ်ားလေး၊ မိန်းကလေး မခွဲခြားသေးဘူး။ အဲ့ဒီက ဒေသခံတွေအတွက် ဒီလိုမျိုး အခမဲ့လေးလိုက်ပြီး ကူညီပေးတဲ့အတွက် အကုန်လုံးလဲ အဆင်ပြေတယ်။ ကျန်းမာရေးချို့တဲ့တဲ့ သူပဲဖြစ်ဖြစ်၊ မသွားနိုင်တဲ့ သူပဲဖြစ်ဖြစ် ဒီမှာနီးနီးနားနားနဲ့ မြို့ပေါ်မှာ လာပြီးပြရတာပေ့ါ။ ဒီနားတစ်ဝိုက်နယ်တွေကလဲ လာပြလို့ရတယ်။ အဲ့ဒီလိုမျိုးကျ ပိုပြီးတော့ အဆင်ပြေပါတယ်။ အခုလို လာရောက်ပြီးတော့ ဆေးကုသပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ နောက်လဲ အဲ့ဒီလိုမျိုးလေး နှစ်တိုင်းလာပြီးတော့ ဆေးကုပေးသွားရင်အဆင်ပြေတယ်။ ပိုပြီးတော့ ကျေးဇူးတင်ပါတယ်” ဟု ပြောသည်။

(၅၀၁)

# သုံးခွမြို့နယ် ပုလဲစံပြကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များနှင့် ဒေသခံပြည်သူများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပုလဲစံပြကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိရတနာမြောက်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် နှစ်ပါးနှင့် ဒေသခံပြည်သူ ၁၃၅ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (ဗဟို)

# ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၀)သို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို တွေ့ဆုံအားပေး



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် နိုင်ငံ့သားကောင်းရတနာများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၀)သို့ တက်ရောက်ကြမည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက မြိတ်မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၀)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟို)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲနှင့်မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဆိုင်ရာ ဒုတိယအကြိမ် အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၂**

၂၀၂၅ ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲနှင့် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)ဆိုင်ရာ ဒုတိယအကြိမ် အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့်တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးနေမှုကို ကြည့်ရှုစဉ်။

ဦးစွာ တိုင်းမှူးက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက မြန်မာအီလက် ထရောနစ် မဲပေးစက်(MEVM)ဆိုင်ရာအချက်အလက်များနှင့် မဲပေးစက်အသုံးပြုခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ၊ မဲပေးခြင်းဆိုင်ရာ ရည်ရွယ်ချက်များ၊ အသုံးပြုပုံနည်းစနစ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

၎င်းနောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးကြပြီး သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟို)

# ၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ထားရှိမည့် မဲရုံနေရာများကို သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ မြစ်ငယ်ရပ်ကွက်နှင့် အောင်မင်္ဂလာရပ်ကွက်တို့၌ ၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲရုံထားရှိမည့်နေရာများကို ယနေ့ညနေပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက လွှတ်တော်များအလိုက် မဲပုံးများထားရှိမည့် နေရာ၊ မဲရုံမှူးများထားရှိမည့်နေရာ၊ မဲစာရင်းစစ်ဆေးသူနေရာ၊ MEVM စက်ကိုင်တွယ်သူနေရာ၊ အီလက်ထရောနစ် မဲပေးစက်များ(MEVM) ထားရှိမည့်နေရာတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟို)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲရုံထားရှိမည့်နေရာများကို ကြည့်ရှုစစ်ဆေးစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၅၉၈၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၇ လုံး ထပ်မံဖြိုချဖျက်ဆီး၊ မြဝတီမြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ ထပ်မံဖမ်းဆီးရမိ







**နေပြည်တော် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။




KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။




KK Park နယ်မြေအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင်လေးထပ်အဆောက်အအုံ တစ်လုံး၊ သုံးထပ်အဆောက်အအုံ နှစ်လုံးနှင့် နှစ်ထပ်အဆောက်အအုံ ၁၄ လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၇ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၃၉၈ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြဝတီမြို့ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ ဖမ်းဆီးရမိခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်မြဝတီ-ရွှေကုက္ကိုလ်နယ်မြေမှ ဖမ်းဆီးထိန်းသိမ်းခဲ့သည့် အင်ဒိုနီးရှားနိုင်ငံသား ၅၄ ဦးနှင့် ကာဇက်စတန်နိုင်ငံသား နှစ်ဦး စုစုပေါင်း ၅၆ ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးအပ်ခဲ့ကြောင်းနှင့် ကျန်ရှိသည့် တရားမဝင် ပြည်ပနိုင်ငံသားများကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းထားရှိကြောင်း သိရသည်။




မြဝတီမြို့ အမှတ်(၅) ရပ်ကွက်အတွင်းရှိ အဆောက်အအုံများမှ တရားမဝင် အွန်လိုင်းလိမ်လည် လောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် ကွန်ပျူတာများကို ဖမ်းဆီးရမိမှု တွေ့ရစဉ်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း မြဝတီမြို့ အမှတ်(၅) ရပ်ကွက်အတွင်းရှိ အဆောက်အအုံ ၁၅ လုံးကို ထပ်မံစစ်ဆေးနိုင်ခဲ့ပြီး အဆိုပါအဆောက်အအုံများအနက်မှ လေးထပ်အဆောက်အအုံ တစ်လုံးနှင့် ခြောက်ထပ်အဆောက်အအုံ တစ်လုံးတို့အတွင်း၌

**စာမျက်နှာ ၂၆ သို့**

# မြောက်ဦးဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းမှန်ထုတ်ပြန်ချက်


မြောက်ဦးဆေးရုံ ဗုံးကြဲခြင်းသည် စစ်ကောင်စီ၏ ပြင်းထန်သော စစ်ရာဇဝတ်မှု ကျူးလွန်ခြင်းဖြစ် ကြောင်း AA ပြော

DMG ၊ ဒီဇင်ဘာ ၁၁

၁။ ရခိုင်ပြည်ဒေသခံများ ဆေးကုသနေသည့် မြောက်ဦးပြည်သူ့ဆေးရုံအား စစ်ကောင်စီက ဗုံးကြဲတိုက်ခိုက်ခြင်းသည် အဆိုးဝါးဆုံး၊ အပြင်းထန်ဆုံးသော စစ်ရာဇဝတ်မှုကြီးဖြစ်ကြောင်း အာရက္ခတပ်တော်က ယနေ့ ထုတ်ပြန်လိုက်သည်။

၂။ ဖြစ်စဉ်အတွင်း၊ ဆေးရုံတက်ရောက်ကုသနေသည့် လူနာများ၊ လူနာစောင့်များနှင့် စေတနာ့ဝန်ထမ်းလူငယ်များ ကလေးသူငယ်များအပါအဝင် ဒေသခံ ၃၃ ဦးပွဲချင်းပြီးသေဆုံးပြီး ၇၆ ဦး ဒဏ်ရာရရှိသွားခဲ့သည်။

၃။ မြောက်ဦးဆေးရုံကြီးအား အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ဖြစ်သည့် ဒီဇင်ဘာလ ၁၀ ရက် ည ၉ နာရီကျော်က ပေါင် ၅၀၀ ဗုံးနှစ်လုံးဖြင့် ကြဲချတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

၄။ ယင်းသို့ အများပြည်သူပိုင် ဆေးရုံဆေးခန်းများတွင် ဆေးကုနေသည့် အပြစ်မဲ့အရပ်သားပြည်သူများအပေါ် ပြစ်မှုကျူးလွန်ခြင်းနှင့်ပတ်သက်၍ တရားမျှတမှုရရှိရေးအတွက် ပြစ်မှုကျူးလွန်သူ စေခိုင်းသူတို့အား ပြင်းထန်စွာလက်တုံ့ပြန်သွားမည်ဟု AA ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

၅။ ယင်းအပြင် အပြစ်မဲ့အရပ်သားပြည်သူများအပေါ် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ပြစ်မှုကျူးလွန်နေသူ စစ်ကောင်စီအား နိုင်ငံတကာအနေဖြင့် လက်ပိုက်ကြည့်မနေဘဲ ဝိုင်းဝန်းထိန်းကျောင်းပေးရန် အားကိုးစွာ အကူအညီတောင်းခံကြောင်း AA က ဆိုသည်။

မြောက်ဦးဖြစ်စဉ်နှင့်ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေထားရှိမှု

လူမှုကွန်ရက်စာမျက်နှာများပေါ်ရှိ AA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ၎င်းတို့အဖွဲ့မှ သေဆုံးသူများအတွက် ဝမ်းနည်းကြောင်းရေးသားဖော်ပြမှုအထောက်အထား (သေဆုံးရာတွင်ပါဝင်သည့် ၎င်းတို့၏အဖွဲ့ဝင်များအား ဝိုင်းပြထားကြောင်း တွေ့ရှိရ)








လူမှုကွန်ရက်စာမျက်နှာများပေါ်ရှိ AA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ၎င်းတို့အဖွဲ့မှ သေဆုံးသူများအတွက် ဝမ်းနည်းကြောင်းရေးသားဖော်ပြမှုအထောက်အထား (သေဆုံးရာတွင်ပါဝင်သည့် ၎င်းတို့၏အဖွဲ့ဝင်များအား ဝိုင်းပြထားကြောင်း တွေ့ရှိရ)




လူမှုကွန်ရက်စာမျက်နှာများပေါ်ရှိ AA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ၎င်းတို့အဖွဲ့မှဒဏ်ရာရရှိသူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနေမှုအထောက်အထား (အကြမ်းဖက်ယူနီဖောင်းများ၊ ဖိနပ်များ၊ အသုံးအဆောင်ပစ္စည်းများ ဝတ်ဆင်ထားမှုအား တွေ့ရှိရ)





**နေပြည်တော် ဒီဇင်ဘာ ၁၂**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ ပြည်သူ့ဆေးရုံကို တပ်မတော်၏တိုက်ခိုက်မှုကြောင့် အဆိုပါနေရာတွင် တက်ရောက်ကုသလျက်ရှိသည့် အပြစ်မဲ့အရပ်သားပြည်သူများ ထိခိုက်သေဆုံးခဲ့သည်ဟု ဒီဇင်ဘာ ၁၁ ရက်တွင် လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ရခိုင်ပြည်နယ်အတွင်း တပ်မတော်နှင့် AA အကြမ်းဖက်သောင်းကျန်းသူတို့အကြား ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစ၍ တိုက်ပွဲများပြန်လည်ဖြစ်ပွားခဲ့ပြီး ဒေသအချို့ကို တပ်မတော်က ခေတ္တဆုတ်ခွာပေးခဲ့သည်။ အလားတူ မြောက်ဦးဒေသ တစ်ဝိုက်တွင်လည်း တပ်မတော်နှင့် AA အကြမ်းဖက်သောင်းကျန်းသူတို့အကြား အပြင်းအထန်တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် အဆိုပါမြောက်ဦးဒေသကို AA အကြမ်းဖက်သောင်းကျန်းသူများက ယာယီထိန်းချုပ်ခဲ့သဖြင့် နိုင်ငံတော်အစိုးရက တရားဝင်ခန့်အပ်ထားရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ဆေးရုံမှ ဆရာဝန်များ၊သူနာပြုများအနေဖြင့် တိုက်ပွဲအတွင်း ပိတ်မိမှုမရှိစေရေး ဘေးလွတ်ရာသို့ ကြိုတင်တိမ်းရှောင်ခဲ့ကြသဖြင့် နိုင်ငံတော်အစိုးရက တရားဝင်ပိတ်သိမ်းထားသည့် ဆေးရုံဖြစ်ပြီး အဆိုပါနေရာကို AA အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် ခိုအောင်းအခြေပြုပြီး ဆေးရုံ၏ အသွင်အပြင်အဖြစ် အကာအကွယ်ယူ၍ ဖွင့်လှစ်ထားသည့် စစ်စခန်းတစ်ခုအဖြစ် အခြေပြုအသုံးပြုနေသည့် အဆောက်အအုံများသာဖြစ်ကြောင်း ခိုင်လုံသောအမာခံသတင်းအရ သိရသည်။

AAနှင့် ဒေသခံ PDF၊ BPLA၊ အရှိုချင်း စသည့် အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများအနေဖြင့် အဆိုပါနေရာကို ဆေးရုံ၏အသွင်အပြင်အဖြစ် အခြေပြုထားသော စစ်စခန်းအဖြစ် အသုံးပြုနေသည့်အပြင် ၎င်းတို့အဖွဲ့များ၏ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်စခန်းအဖြစ်အခြေပြုနေသော နေရာအတွင်း လိုအပ်သော အုပ်ချုပ်မှုကိစ္စရပ်များဆောင်ရွက်ရန် ဒေသခံ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ယုံကြည်စိတ်ချရသော မိသားစုဝင်များကို တာဝန်ပေးစေခိုင်းလျက်ရှိကြောင်းကို ဒေသခံရခိုင်တိုင်းရင်းသားများ၏သတင်းပေးပို့မှုအရလည်း သိရသည်။

ထိုသို့AAအကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် လက်ခံနိုင်ခြင်းမရှိကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ တိကျသည့် သတင်းပေးပို့မှုကြောင့် တပ်မတော်က လိုအပ်သည့် စိစစ်မှုများဆောင်ရွက်ကာ AA အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ၎င်းတို့အခြေပြုထားသော စစ်စခန်းအဖြစ်အသုံးပြုသည့် အဆိုပါ အဆောက်အအုံများကို ဒီဇင်ဘာ ၁၀ ရက်တွင် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter Terrorism Operation) ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

လူမှုကွန်ရက်စာမျက်နှာများပေါ်ရှိ ၎င်း အကြမ်းဖက်သောင်းကျန်းသူများ ရေးသားဖြန့်ဝေထားသည့် ဓာတ်ပုံအထောက်အထားများအရ ၎င်းတို့အဖွဲ့မှ ဒဏ်ရာရရှိသူများကို ဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးနေမှု၊သေဆုံးသူများအတွက် ဝမ်းနည်းကြောင်းရေးသားဖော်ပြမှုများကို တွေ့ရှိရပြီး အထက်ပါဖြစ်စဉ်တွင် သေဆုံး၊ဒဏ်ရာရရှိသူများမှာ ပြည်သူများမဟုတ်ဘဲ AA၊ BPLA၊ ဒေသခံPDF၊ အရှိုချင်း စသည့် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် စစ်စခန်းအဖြစ် အခြေပြုနေသော နေရာအတွင်း လိုအပ်သောအုပ်ချုပ်မှုကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် ဒေသခံ AA အကြမ်းဖက် သောင်းကျန်းသူများ၏ ယုံကြည်စိတ်ချရသော မိသားစုဝင်များကို တာဝန်ပေးထားသူများအပြင် ၎င်းတို့ကို ထောက်ခံအားပေးသည့် အမာခံများသာ ဖြစ်သည်ဟု သိရှိရကြောင်းနှင့် တပ်မတော်အနေဖြင့် လိုအပ်သည့်အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးကို (Rules of Engagement – ROE)နှင့်အညီ လိုအပ်သလို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့**



မြဝတီမြို့ အမှတ်(၅) ရပ်ကွက်အတွင်း၌ ဖမ်းဆီးရမိသည့် တရားမဝင် ပြည်ပနိုင်ငံသား များကို တွေ့ရစဉ်။

**စာမျက်နှာ ၂၅ မှအဆက်**

အွန်လိုင်းလိမ်လည် လောင်းကစားမှု ပြုလုပ်ရာတွင်အသုံးပြုသည့် ကွန်ပျူတာ အလုံး ၅၅၀ နှင့်အတူ တရုတ်နိုင်ငံသား ၂၂၅ ဦး၊ ဗီယက်နမ်နိုင်ငံသား ၈၃ ဦး၊ မလေးရှားနိုင်ငံသား ကိုးဦး၊ ကင်ညာ နိုင်ငံသား ၃၉ ဦး၊ အီသီယိုးပီးယား နိုင်ငံသား ၁၁ ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ၁၂ ဦး၊ ယူဂန်ဒါနိုင်ငံသား ဦးရေ ၂၀၊ နီပေါ နိုင်ငံသား ၁၇ ဦး၊ အိန္ဒိယနိုင်ငံသား လေးဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၇၇ ဦး၊ ဆီယာရာလီယွန်နိုင်ငံသား သုံးဦး၊ ထိုင်းနိုင်ငံသား ၁၀ ဦး၊တရုတ်(တိုင်ပေ)မှနှစ်ဦး၊ မာဒါဂါစကားနိုင်ငံသား တစ်ဦး၊ တိုဂိုနိုင်ငံသား တစ်ဦး၊ အီကွေတိုးရီးယဲလ်ဂီနီယာ နိုင်ငံသား နှစ်ဦး စုစုပေါင်း တရားမဝင် နိုင်ငံခြားသား ၅၁၆ ဦးတို့ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၎င်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား ထပ်မံ၍အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများ အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

# KNU နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ရေဖြူမြို့အတွင်းရှိ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများနှင့် ဒေသခံပြည်သူများပိုင်ဆိုင်သည့် အဆောက်အအုံများကို ဝင်ရောက်မီးရှို့ဖျက်ဆီး

KNU နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ရေဖြူမြို့ရှိ ဌာနဆိုင်ရာအဆောက်အအုံများအား မီးရှို့ဖျက်ဆီးခဲ့သည့် ဖြစ်စဉ်နေရာပြပုံ







သစ်တောရုံးအဆောက်အအုံ မီးလောင်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဒီဇင်ဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့ အနောက်ခြမ်းရှိ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများနှင့် ဒေသခံပြည်သူများပိုင်ဆိုင်သည့် နေအိမ်အဆောက်အအုံများကို ယနေ့တွင် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ပြီး မီးရှို့ဖျက်ဆီးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ ခန့်တွင် ရေဖြူမြို့၏ အနောက်ဘက်ခြမ်းရှိ မြို့မရဲစခန်းကို ခေါင်းဆောင်နှင့် အင်အားစိစစ်ဆဲ KNU နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူအဖွဲ့တို့က မြို့၏ မြောက်ဘက်ခြမ်းမှနေ၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်၍လည်းကောင်း၊ မြို့၏တောင်ဘက်ခြမ်းနှင့် တံတားနေရာရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များကို စစ်ကူမလာရောက်နိုင်ရေးပူးပေါင်းအဖွဲ့နှစ်ဖွဲ့ဖြင့် နှောင့်ယှက်ပစ်ခတ်၍လည်းကောင်း၊ မြို့မရဲစခန်းကို သိမ်းပိုက်နိုင်ရေး ဆောင်ရွက်လာခဲ့ရာ မြို့မရဲစခန်းရှိ ရဲတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခြင်း၊ ရေဖြူမြို့၏ အရှေ့တောင်ဘက်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးပစ်ကူပေးခြင်းတို့ကြောင့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် မြို့၏ မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။



မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အဆောက်အအုံ မီးလောင်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။




မြို့နယ် စုပေါင်းရုံးအဆောက်အအုံ မီးလောင်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။



ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဝန်ထမ်းနေအိမ်မီးလောင်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။




မြန်မာ့စီးပွားရေးဘဏ်အတွင်း စာရွက်စာတမ်းများမီးလောင်ပျက်စီးမှုမှတ်တမ်းဓာတ်ပုံ။

ထိုသို့ ဆုတ်ခွာထွက်ပြေးသွားစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့၏ နောက်သို့ ထက်ကြပ်လိုက်လံတိုက်ခိုက်ချေမှုန်းနိုင်ခြင်းမရှိစေရန်နှင့် တပ်မတော်အပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန်အတွက် ၎င်းတို့ဆုတ်ခွာရာလမ်းတစ်လျှောက်ရှိ ဌာနဆိုင်ရာအဆောက်အအုံများဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ သစ်တောဦးစီးမှူးရုံး၊ စုပေါင်းဌာနဆိုင်ရာရုံး၊ ပြည်သူ့ဆေးရုံ၊ ဘဏ်နှင့် ဝန်ထမ်းအိမ်ရာများကို မီးရှို့ထွက်ပြေးသွားခဲ့သည်။ ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရပြီး ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုကို စိစစ်ဆဲဖြစ်ကြောင်း သိရသည်။

အထက်ပါ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ဌာနဆိုင်ရာရုံးအဆောက်အအုံများ၊ ရုံးသုံးပရိဘောဂပစ္စည်းများနှင့် အရေးကြီး စာရွက်စာတမ်းများ မီးလောင်ပျက်စီးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လိုအပ်သည့် မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါဆုတ်ခွာထွက်ပြေးသွားခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများကို လိုက်လံချေမှုန်းကာ လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည် မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ၁-၁၂-၂၀၂၅ ရက်မှ ၃၁-၃-၂၀၂၆ ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

# ဆော်ပိုလိုပြည်နယ်တွင် လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်မီးပြတ်တောက်ခဲ့ပြီး လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခဲ့ရ



**ဘရာဇီးလီးယား ဒီဇင်ဘာ ၁၂**

ဘရာဇီးနိုင်ငံ ဆော်ပိုလိုပြည်နယ်တွင် လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်မီးပြတ်တောက်ခဲ့ပြီး လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းခဲ့ရကြောင်း ယနေ့ သတင်းများအရ သိရသည်။

ဆော်ပိုလိုပြည်နယ်ရှိ ဆော်ပိုလိုမြို့တွင် ဒီဇင်ဘာ ၁၀ ရက်က လေပြင်းမုန်တိုင်း တိုက်ခတ်ခဲ့ပြီး အဆောက်အအုံနှင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်ခဲ့ကြောင်း၊ မုန်တိုင်းတိုက်ခတ်စဉ် လေပြင်းတိုက်ခတ်မှုသည် တစ်နာရီ ၉၈ ကီလိုမီတာထိ တိုက်ခတ်ခဲ့ကြောင်း၊ မုန်တိုင်းကြောင့် ဒေသခံ ၁ ဒသမ ၅ သန်းခန့် လျှပ်စစ်မီးပြတ်တောက်ခဲ့ကြောင်း၊ ထို့ပြင် သစ်ပင်များကျိုးကျမှုကြောင့် မြို့တွင်းရေပေးဝေရေးအတွက် သွယ်တန်းထားသော ရေပိုက်လိုင်းများ ပျက်စီးခဲ့သဖြင့် သောက်သုံးရေပြတ်လပ်မှုများလည်း ဖြစ်ပေါ်နေကြောင်း သိရသည်။

ထို့ပြင် လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် မြင်ကွင်းများဝေဝါးနေသဖြင့် ပြည်တွင်းလေယာဉ်ခရီးစဉ် ၁၈၁ ခုကို ဖျက်သိမ်းခဲ့ရကြောင်း လေဆိပ်အော်ပရေတာ Aena (AENA.MC) မှ သိရသည်။

ယနေ့တွင် ပြည်နယ်အစိုးရသည် လမ်းပေါ်တွင်ပိတ်မိနေသည့် ကျိုးကျနေသော သစ်ပင်များကို ရှင်းလင်းကာ လျှပ်စစ်မီးပြန်လည်ရရှိရေး ဆောင်ရွက်နေသည့်အပြင် ပျက်စီးခဲ့သည့်ပိုက်လိုင်းများကိုလည်း ပြင်ဆင်မှုများစတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ဩစတြေးလျနိုင်ငံတွင် အပူချိန် မြင့်တက်ပြီး ရေအောက်ကြမ်းပြင်များတွင် အပူလှိုင်းဖြတ်သန်းမှု ဖြစ်ပေါ်ခဲ့

**ကင်ဘာရာ ဒီဇင်ဘာ ၁၂**

ဩစတြေးလျနိုင်ငံတွင် အပူလှိုင်းဖြတ်သန်းနေပြီး ပြီးခဲ့သောနွေရာသီမှစတင်၍ အပူချိန်မြင့်တက်မှုများဖြစ်ပေါ်ခဲ့ပြီး ရေအောက်ကြမ်းပြင်များတွင်လည်း အပူလှိုင်းဖြတ်သန်းမှုများဖြစ်ပေါ်ခဲ့ကြောင်း ဩစတြေးလျအဏ္ဏဝါဆိုင်ရာ သုတေသီများအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေအောက်အပူလှိုင်း ဖြတ်သန်းမှုကြောင့် ဩစတြေးလျနိုင်ငံ၏ သဘာဝအမွေအနှစ်ဖြစ်သည့် ရှားပါး သန္တာကျောက်တန်းများ ပျက်စီးမှုများ ရှိလာသည့်အတွက် ထိန်းသိမ်းမှုများပြုလုပ်ရန် လိုအပ်နေကြောင်း၊ ရေအောက်ကြမ်းပြင် အပူလှိုင်း ဖြတ်သန်းမှုကြောင့် ရေအောက်သတ္တဝါများအတွက်လည်း အခက်အခဲရှိလာခဲ့ပြီး ရှားပါး ရေအောက်သတ္တဝါတချို့ မျိုးသုဉ်းမည့်အရေးဖြင့် ရင်ဆိုင်နေရကြောင်း သုတေသီများက ထုတ်ပြန်ခဲ့သည်။

"သုတေသီတွေရဲ့ သုတေသနရလဒ်တွေအရ ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း အပူလှိုင်းဖြတ်သန်းမှုက ကာလရှည်ကြာခဲ့သလို ရေအောက်မှာလဲ အပူလှိုင်းဖြတ်သန်းတာတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ရေအောက်အပူလှိုင်း ဖြတ်သန်းမှုကြောင့် သဘာဝအမွေအနှစ်ဖြစ်တဲ့ သန္တာကျောက်တန်းတွေမှာ ယိုယွင်းပျက်စီးတာတွေ ရှိလာတယ်။ ဒါ့ပြင် ရေအောက်သတ္တဝါတွေလဲ အပူချိန်မြင့်တက်မှုကြောင့် အောက်ဆီဂျင်လျော့နည်းလာတဲ့အတွက် အသက်ရှင်နေထိုင်ဖို့ ခက်ခဲလာတယ်။ အချို့ရှားပါးမျိုးစိတ်ဖြစ်တဲ့ ရေအောက်သတ္တဝါတွေလဲ မျိုးသုဉ်းပျောက်ကွယ်မဲ့ အရေးနဲ့ ရင်ဆိုင်လာရပါတယ်"ဟု ဖက်ဒရယ် သဘာဝပတ်ဝန်းကျင်နှင့်ရေအရင်းအမြစ်ဝန်ကြီး မာရေးဝက်က ပြောကြားခဲ့သည်။

ရေအောက်သတ္တဝါနှင့်သဘာဝအမွေအနှစ် သန္တာကျောက်တန်း၏ အနာဂတ်အတွက် အပူချိန်မြင့်တက်မှုလျော့ချနိုင်ရေး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်မြှင့်တင်သွားသင့်ကြောင်း ဖက်ဒရယ် သဘာဝပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်ဝန်ကြီး မာရေးဝက်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ဂျပန်နိုင်ငံတွင် ပြင်းအား ၆ ဒသမ ၇ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့သဖြင့် ဆူနာမီလှိုင်းသတိပေးချက် ထုတ်ပြန်ထား

**တိုကျို ဒီဇင်ဘာ ၁၂**

ဂျပန်နိုင်ငံတွင် ယနေ့ နံနက်ပိုင်းက ပြင်းအား ၆ ဒသမ ၇ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့သဖြင့် ဆူနာမီလှိုင်းသတိပေးချက် ထုတ်ပြန်ထားကြောင်း ဂျပန်မိုးလေဝသ ညွှန်ကြားရေးဆိုင်ရာအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ငလျင်သည် ဟွန်ရှူကျွန်း အိုင်ဝါတီစီရင်စု ကူဂျီမြို့ကို ဗဟိုပြု၍လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ကမ်းခြေဒေသများကို ဆူနာမီလှိုင်းသတိပေးချက် ထုတ်ပြန်ထားကြောင်း၊ ဆူနာမီလှိုင်းမှာ အနည်းဆုံး တစ်မီတာနှင့်အထက် ကြီးမားဖွယ်ရှိကြောင်း၊ ငလျင်ကြောင့် လမ်းများ ပျက်စီးခဲ့ပြီး အခြေခံအဆောက်အအုံများပျက်စီးကာ ပျက်စီးဆုံးရှုံးမှုကို စိစစ်နေဆဲဖြစ်ကြောင်း သိရသည်။

"ဒီနေ့နံနက် အစောပိုင်းမှာ ပြင်းအား ၆ ဒသမ ၇ မဂ္ဂနီကျူရှိတဲ့ ငလျင်လှုပ်ခတ်ခဲ့ပါတယ်။ ငလျင်ပြင်းအားများသလို ဆူနာမီလှိုင်းလဲ ဖြစ်ပေါ်လာနိုင်တဲ့အတွက် ဆူနာမီလှိုင်းအန္တရာယ် သတိပေးချက် ထုတ်ပြန်ခဲ့ပါတယ်။ ဒီဇင်ဘာ ၈ ရက်ကလဲ ပြင်းအား ၇ ဒသမ ၅ မဂ္ဂနီကျူရှိတဲ့ ငလျင်လှုပ်ခတ်ခဲ့ပါတယ်။ လေးရက်အတွင်း ပြင်းအားများတဲ့ငလျင် နှစ်ကြိမ်လှုပ်ခတ်ခဲ့တာဖြစ်ပါတယ်"ဟု ဂျပန်မိုးလေဝသ ညွှန်ကြားရေးဆိုင်ရာ အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



ငလျင်လှုပ်ခတ်မှုအပြီး နျူကလီးယား ဓာတ်ပေါင်းဖိုများကို ယာယီရပ်ဆိုင်းခဲ့ပြီး စစ်ဆေးမှုများလည်း ပြုလုပ်ခဲ့ကြောင်း၊ စစ်ဆေးမှုအရ နျူကလီးယားဓာတ်ပေါင်းဖိုများ ထိခိုက်ပျက်စီးမှု မရှိသည့်အတွက် ငလျင်အခြေအနေတည်ငြိမ်ခဲ့ပြီးနောက် နျူကလီးယားဓာတ်ပေါင်းဖိုများကို ပုံမှန်အတိုင်း ဆက်လက်လည်ပတ် မောင်းနှင်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ဂါနာနိုင်ငံတွင် ပတ်ဝန်းကျင်ပျက်စီးမှုကို ထိန်းချုပ်ရန် သစ်တောကြိုးဝိုင်းများ၌ သတ္တုတူးဖော်ခြင်းတားမြစ်ချက် ထုတ်ပြန်

**အက်ခရာ ဒီဇင်ဘာ ၁၂**

ဂါနာနိုင်ငံတွင် ပတ်ဝန်းကျင်ပျက်စီးမှုကိုထိန်းချုပ်ရန် သစ်တောကြိုးဝိုင်းများ၌ သတ္တုတူးဖော်ခြင်းတားမြစ်ချက် ထုတ်ပြန်လိုက်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဂါနာနိုင်ငံသည် ရေအရင်းအမြစ်များကို ကာကွယ်ရန်နှင့် သစ်တောပြုန်းတီးမှုကို ရပ်တန့်ရန် ရည်ရွယ်၍ သစ်တောကြိုးဝိုင်းများတွင် သတ္တုတူးဖော်ခြင်းကို တားမြစ်လိုက်ကြောင်း၊ အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်သော ဂါနာနိုင်ငံသည် ရွှေသတ္တုတူးဖော်ခြင်းကဲ့သို့ သတ္တုတူးဖော်ရေး ကဏ္ဍများကို ကန့်သတ်ချက်များ ထုတ်ပြန်ခဲ့ပြီးနောက် ယနေ့တွင် သစ်တောအတွင်းရှိ သတ္တုတူးဖော်ခြင်းများကို လုံးဝတားဆီးလိုက်ကြောင်း၊ ထို့ပြင် အစိုးရက ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုမရှိသည့် အခြားအသေးစားသတ္တုတူးဖော်မှုများကိုလည်း ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

"သစ်တောတွေ ထူထပ်များပြားစွာရှိနေရင် မိုးရွာသွန်းပြီး လယ်ယာ လုပ်ငန်းတွေအတွက် အထောက်အကူ ဖြစ်စေပါတယ်။ သစ်တောတွေ၊ ရေအရင်းအမြစ်တွေဟာ ဒေသခံတွေရဲ့ အနာဂတ်ဘဝလုံခြုံမှုအတွက် ကာကွယ်သင့်တဲ့အရာတွေပါ"ဟု ပတ်ဝန်းကျင်ဝန်ကြီး အီမန်ဝယ်အာမာ ကိုဖီဘွာက ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ်က သစ်တောကြိုးဝိုင်းများတွင် သတ္တုတူးဖော်ခြင်းကို ခွင့်ပြုခဲ့သော်လည်း ယခုအခါ ပတ်ဝန်းကျင်ပျက်စီးမှုကို ထိန်းချုပ်ရန်သစ်တောကြိုးဝိုင်းများတွင် သတ္တုတူးဖော်ခြင်းကို ခွင့်ပြုတော့မည် မဟုတ်ကြောင်း ပတ်ဝန်းကျင်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံပြည်သူ ၁၀၀၀၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်း

**ဝါရှင်တန် ဒီဇင်ဘာ ၁၂**

အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံပြည်သူ ၁၀၀၀၀၀ ကျော် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း ဝါရှင်တန်ပြည်နယ် အရေးပေါ်စီမံခန့်ခွဲရေး အေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

လမ်းမကြီးများတွင် ရေလွှမ်းနေသောကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေကြောင်း၊ လိုအပ်လာပါက လေကြောင်းအကူအညီ ရယူသွားမည်ဖြစ်ပြီး ကယ်ဆယ်ရေး ဝန်ထမ်းများက ဒေသခံပြည်သူများ ဘေးကင်းရေးအတွက် ဦးစားပေးဆောင်ရွက်နေကြောင်း၊ ရေဘေးအန္တရာယ် သတိပေးချက်ကိုလည်း အရေးပေါ်အခြေအနေအဖြစ် ထုတ်ပြန်ကြေညာသွားဖွယ် ရှိကြောင်း သိရသည်။

"ဝါရှင်တန်ပြည်နယ် ရေကြီးရေလျှံမှုဟာ အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်တဲ့အဆင့် ရောက်ရှိနေပါတယ်။ ရေဘေးအန္တရာယ်နဲ့ အဆိုးရွားဆုံး ရင်ဆိုင်နေရတဲ့ ပြည်သူတွေကတော့ ဝါရှင်တန်ပြည်နယ် အနောက်ဘက်ပိုင်းက ဒေသခံတွေဖြစ်ပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ပြည်သူ အယောက်၁၀၀၀၀၀ ကျော်ရှိနေပြီးတော့ ကယ်ဆယ်ရေးဝန်ထမ်းတွေက အသက်ကယ်လှေတွေ အသုံးပြုပြီးတော့ ကယ်ဆယ်ရေး လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ လိုအပ်လာရင် လေကြောင်းအကူအညီ တောင်းခံသွားမှာဖြစ်ပြီးတော့ လောလောဆယ် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ဒေသတွေထဲက ၃၈၀၀ လောက်က ယာယီရွက်ဖျင်တဲတွေ လိုအပ်နေပါတယ်။ ရေဘေးအန္တရာယ်အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်သွားဖို့ရှိပါတယ်"ဟု ဝါရှင်တန်ပြည်နယ် အရေးပေါ်စီမံခန့်ခွဲရေး အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသများသို့ စစ်လက်နက်ပစ္စည်းတင်ပို့ရန်ကြိုးပမ်းလာသော တောင်ကိုရီးယားနိုင်ငံ

ကမ္ဘာ့စစ်လက်နက်ပစ္စည်းတင်ပို့သူများ စာရင်းတွင် အဆင့် (၁၀) ၌ ရပ်တည်လျက်ရှိသည့် တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ရေးပစ္စည်းဈေးကွက်၌ ရှယ်ယာပိုမိုရရှိနိုင်ရေးကြိုးပမ်းလုပ်ဆောင်လာလျက်ရှိသည်။ ထို့ကြောင့် တောင်ကိုရီးယားနိုင်ငံသည် တိုင်းပြည်၏ ပြည်ပစစ်လက်နက်တင်ပို့သူများကို အထောက်အကူပြုနိုင်ရန် ၎င်း၏စီမံအုပ်ချုပ်မှုယန္တရားများကို ပြုပြင်ပြောင်းလဲဖွဲ့စည်းလျက်ရှိသည်။

တောင်ကိုရီးယားနိုင်ငံသည် ကာကွယ်ရေးပစ္စည်းများရောင်းချရေးအတွက် ဥရောပနှင့်အရှေ့အလယ်ပိုင်းဈေးကွက်များကို ပစ်မှတ်ထားဆောင်ရွက်နေစဉ်မှာပင် နောက်ဆုံးပေါ်အဆင့်မြင့်နည်းပညာများတွင် တောင်ကိုရီးယား၏ပါဝင်ဆောင်ရွက်နိုင်စွမ်းကိုလည်း မီးမောင်းထိုးပြသလျက်ရှိသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာ လလယ်ခန့်တွင် တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်သည် ကာကွယ်ရေးစက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန် ကန်ဟွန်ဆစ်ကို အထူးသံတမန်အဖြစ်ခန့်အပ်ခဲ့သည်။ ကန်ဟွန်ဆစ်သည် သမ္မတလီဂျေးမြောင်၏ ရုံးအဖွဲ့မှူးလည်းဖြစ်ပြီး မကြာသေးမီအချိန်အတွင်းကပင် ဥရောပနိုင်ငံများစွာသို့ အလုပ်သဘောခရီးများ သွားရောက်ခဲ့သည်။ ကန်ဟွန်ဆစ်သည် ဥရောပခရီးစဉ်များအတွင်း ရိုမေးနီးယားနှင့်ပိုလန်နိုင်ငံတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တောင်ကိုရီးယားသမ္မတရုံး၏အဆိုအရ ဥရောပနိုင်ငံများနှင့်ဆွေးနွေးနေဆဲဖြစ်သည့် စစ်လက်နက်ပစ္စည်းများ ရောင်းချရေးစီမံကိန်းများ၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၂ ဘီလီယံခန့်ရှိကြောင်း သိရသည်။ ကန်ဟွန်ဆစ်သည် အရှေ့အလယ်ပိုင်းဒေသတွင် တောင်ကိုရီးယား၏ ကာကွယ်ရေးပစ္စည်းရောင်းချရေးစာချုပ်များ တိုးမြှင့်ရန်ကြိုးပမ်းမှုအနေဖြင့် ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း အာရပ်စော်ဘွားများပြည်ထောင်စုသို့ အလုပ်သဘောခရီးသွားရောက်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံ အစိုးရအဖွဲ့သည် ကာကွယ်ရေးပစ္စည်း တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အထူးသံတမန်တစ်ဦးခန့်ခဲ့သည့်အပြင် ကာကွယ်ရေးပစ္စည်းထုတ်လုပ်သည့် အေဂျင်စီများကြားညှိနှိုင်းပေါင်းစပ် ဆောင်ရွက်နိုင်ရေးအတွက် တောင်ကိုရီးယားသမ္မတရုံး၌ပင် ကာကွယ်ရေးပစ္စည်းတင်ပို့မှုဆိုင်ရာ ထိန်းချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းထားရှိသည်။

အဆိုပါအဖွဲ့၏ ရည်မှန်းချက်သည် တောင်ကိုရီးယားနိုင်ငံကို ကာကွယ်ရေးပစ္စည်းထုတ်လုပ်တင်ပို့ရာတွင် ကမ္ဘာ့ထိပ်တန်း လေးနိုင်ငံစာရင်းတွင် ဝင်ရောက်နိုင်ရန်ဖြစ်သည်။ စတော့ခ်ဟုမ်းနိုင်ငံတကာငြိမ်းချမ်းရေး သုတေသနအင်စတီကျု (SIPRI) ၏အဆိုအရ လက်ရှိကမ္ဘာ့စစ်လက်နက်အများဆုံးတင်ပို့လျက်ရှိသည့် ထိပ်တန်းလေးနိုင်ငံမှာ အမေရိကန်၊ ပြင်သစ်၊ ရုရှား၊ တရုတ်နိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယား သမ္မတရုံးပြောရေးဆိုခွင့်ရှိသူက ကာကွယ်ရေးပစ္စည်းတင်ပို့မှုများကို အထောက်အကူပြုခြင်းသည် တစ်ကြိမ်တစ်ခါတည်း ကြိုးပမ်းနေရုံမျှဖြင့် ပြီးမြောက်မည်မဟုတ်ကြောင်း၊ မိတ်ဖက်ထုတ်လုပ်သူများ၏ ထူးခြားသောလက္ခဏာများနှင့် စီမံကိန်းအဆင့်တိုင်းကို အံဝင်ခွင်ကျစီမံဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အစိုးရအနေဖြင့် လုပ်ငန်းလုပ်ပိုင်ခွင့်အဆင့်မှသည် ထိပ်တန်းတာဝန်ရှိသူများနှင့်ထိတွေ့ဆက်ဆံမှုထိ အဆင့်လိုက်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

NATO အဖွဲ့ဝင်နိုင်ငံများသည် လက်ရှိအချိန်တွင် ကာကွယ်ရေးအသုံးစရိတ်ကို GDP ၏ နှစ်ရာခိုင်နှုန်းသာသုံးစွဲနေရာမှ ၂၀၃၅ ခုနှစ်တွင် GDP ၏ ငါးရာခိုင်နှုန်းထိ တိုးမြှင့်သုံးစွဲသွားရန် ကတိကဝတ်ပြုထားသောကြောင့် ဥရောပဒေသသည် တောင်ကိုရီးယားကာကွယ်ရေးပစ္စည်းများ တင်ပို့ရန် အလားအလာကောင်းသည့် ဒေသတစ်ခုပင်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံသည် NATO အဖွဲ့ဝင်ဖြစ်သည့် ဥရောပနိုင်ငံများသို့ စစ်လက်နက်ပစ္စည်း ဒုတိယအများဆုံးတင်ပို့လျက်ရှိရာ ပိုလန်နိုင်ငံတစ်နိုင်ငံတည်း၌ပင် တောင်ကိုရီးယား၏ စစ်လက်နက်ပစ္စည်းတင်ပို့ရောင်းချမှု ၄၆ ရာခိုင်နှုန်း

**❖ တောင်ကိုရီးယားနိုင်ငံသည် ဥရောပနှင့်အရှေ့အလယ်ပိုင်းဒေသတို့ကို ကာကွယ်ရေးပစ္စည်းများ တိုးမြှင့်ရောင်းချသွားနိုင်မည့် နေရာများအဖြစ် ရည်မှန်းဆောင်ရွက်နေစဉ် နည်းပညာမြင့်မားသော လက်နက်များ တင်ပို့သူအဖြစ်ရပ်တည်နိုင်ရန် အာရုံစိုက်လုပ်ဆောင်လျက်ရှိသည်။ ၂၀၂၃ ခုနှစ်တွင် ထုတ်ပြန်ကြေညာခဲ့သော ကာကွယ်ရေးဆန်းသစ်တီထွင်မှုအစီအစဉ်သည် ကာကွယ်ရေးစနစ်များတွင် AI စတင်အသုံးပြုရေးအတွက် လမ်းညွှန်ချက်များ ချမှတ်ပေးခဲ့သည်။ ❖**

ထိရှိနေသည်။ ပိုလန်နိုင်ငံသည် တောင်ကိုရီးယားနိုင်ငံ၏ စစ်လက်နက်ပစ္စည်းများ အလျင်အမြန် ထုတ်လုပ်လွှဲပြောင်းပေးမှုနှင့်ဒေသတွင်းလိုအပ်ချက်များနှင့်အညီ ဒီဇိုင်းနှင့်ထုတ်ကုန်များကို လိုက်လျောညီထွေလုပ်ဆောင်ပေးရန် ဆန္ဒရှိနေသည်။

လက်ရှိခိုင်မာအားကောင်းလျက်ရှိသည့် ဆက်ဆံရေးကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့သော ဥရောပသမဂ္ဂ(EU)–တောင်ကိုရီးယား လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးဖြင့် ထိန်းချုပ်ထားရှိသည်။ ၎င်းစာချုပ်၌ ကာကွယ်ရေးဆိုင်ရာ စက်မှုလုပ်ငန်းပြဿနာများကို ပူးပေါင်းဆောင်ရွက်သွားရန် ထည့်သွင်းဖော်ပြထားသည်။ ၂၀၂၃ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော NATO နှင့် တောင်ကိုရီးယားနိုင်ငံ၏ ပုဂ္ဂလိကလုပ်ငန်းရှင်များက စီမံဆောင်ရွက်သည့် မိတ်ဖက်အစီအစဉ်သည် တိုးတက်ပေါ်ထွန်းလျက်ရှိသော နည်းပညာများတွင် ပူးပေါင်းဆောင်ရွက်သွားရန် ဖော်ပြထားသည်။ ၂၀၂၅ ခုနှစ် ဇွန်လတွင် နယ်သာလန်နိုင်ငံ၌ ပြုလုပ်သည့် NATO ထိပ်သီးဆွေးနွေးပွဲတွင် တောင်ကိုရီးယားနှင့် NATO အဖွဲ့တို့သည် ကာကွယ်ရေးစက်မှုလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုအပေါ် အလေးထားဆောင်ရွက်ပြီး ပူးတွဲထုတ်လုပ်မှု၊ ထောက်ပံ့ရေးကွင်းဆက်ကြံ့ကြံ့ခံနိုင်မှုနှင့် စံနှုန်းသတ်မှတ်ခြင်းကဲ့သို့သော ပြဿနာများကိုဖြေရှင်းရန်အတွက် ညွှန်ကြားရေးမှူးချုပ်အဆင့်ရှိသော အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းသွားရန် သဘောတူညီခဲ့ကြသည်။

တောင်ကိုရီးယားနိုင်ငံပိုင် ကာကွယ်ရေးဆန်းစစ်အကဲဖြတ်ရေးဆိုင်ရာအင်စတီကျု (KIDA) မှ ဂျီဟွန်းယုက တောင်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေးစက်မှုလုပ်ငန်းသည် NATO အဖွဲ့ကို ရေတိုလိုအပ်ချက်များအပြင် ရေရှည်ပြုပြင်ပြောင်းလဲမှုများကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် NATO အဖွဲ့ကို ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုအကျပ်အတည်းများ ကျော်လွှားနိုင်ရန် ယုံကြည်စိတ်ချရပြီး လုံလောက်သည့်ပမာဏများ ထုတ်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ ပူးတွဲသုတေသနပြု ဆန်းသစ်တီထွင်ထုတ်လုပ်ခြင်းဖြင့် အဆင့်မြင့်ကာကွယ်ရေး နည်းပညာရရှိအောင် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်းနှင့် NATO အဖွဲ့၏တိုးမြှင့်လာသောတာဝန်များ စဉ်ဆက်မပြတ်ထိန်းသိမ်းရေးတွင် အရေးပါသည့်အုပ်ချုပ်ထောက်ပံ့မှု၊ ပြုပြင်ထိန်းသိမ်းမှုနှင့် လေ့ကျင့်ရေးတာဝန်များတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

ပိုလန်နိုင်ငံတကာရေးရာ ကျွမ်းကျင်ပညာရှင် Przemyslaw Biskup အဆိုအရ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ဥရောပမိတ်ဖက်နိုင်ငံများနှင့်အတူ ပူးတွဲသုတေသနပြုမှု၊ ထုတ်လုပ်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများအပေါ် အလေးထားလုပ်ဆောင်သွားသင့်ကြောင်း၊ အမေရိကန်စစ်လက်နက်ပစ္စည်းများသည် အဆင့်မြင့်မားသော်လည်း ဈေးနှုန်းကြီးမားနေကြောင်း၊ ဥရောပနိုင်ငံများမှ စစ်လက်နက်ပစ္စည်းများသည် အလုပ်အကိုင်နှင့်နည်းပညာများ ထောက်ပံ့ပေးလျက်ရှိကြောင်းနှင့် ကိုရီးယားစစ်လက်နက်များသည် အလျင်အမြန်လွှဲပြောင်းပေးနိုင်ပြီး ကိုင်တွယ်အသုံးပြုရာတွင် အဆင်ပြေကောင်းမွန်ကြောင်း ပြောကြားသွားခဲ့သည်။

ဥရောပနိုင်ငံများသည် ၎င်းတို့၏စီးပွားရေးအကျိုးအမြတ်ပိုမိုရရှိနိုင်ရေးအတွက် လက်နက်ဈေးကွက်ကို ခိုင်မာအောင်ကြိုးပမ်းနေသည့်အချိန်၌ တောင်ကိုရီးယားနိုင်ငံသည် ပူးတွဲသုတေသနပြုမှုနှင့်ထုတ်လုပ်မှု၊ နည်းပညာလွှဲပြောင်းမှုနှင့် ဒေသတွင်းထုတ်လုပ်မှုများအတွက် အားသာချက်များကို ပိုမိုတိုးမြှင့်ကာ အားနည်းချက်များ လျှော့ချရန် အလေးထားလုပ်ဆောင်လျက်ရှိသည်။ တောင်ကိုရီးယား ကာကွယ်ရေးစက်မှုလုပ်ငန်းကြီးများသည် ပိုလန်နှင့်ဩစတြေးလျနိုင်ငံတို့၌ ဒေသတွင်းထုတ်လုပ်မှုနှင့် အရောင်းကွင်းဆက်များထူထောင်ရာတွင် အတွေ့အကြုံများရရှိထားပြီးဖြစ်သော်လည်း တောင်ကိုရီးယားနိုင်ငံသည် နည်းပညာနှင့်ကျွမ်းကျင်လုပ်သားများ ဆက်လက်ထိန်းသိမ်းထားရှိနိုင်ရေးအတွက် စိုးရိမ်ပူပန်လျက်ရှိသည်။

ဥရောပနိုင်ငံများနှင့် တောင်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေးစက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းအောင်ဆောင်ရွက်ရာတွင် တောင်ကိုရီးယားနိုင်ငံကို ကျော်လွှားရန် လိုအပ်သည့်အကြီးမားဆုံးစိန်ခေါ်မှုသည် တောင်ကိုရီးယားနိုင်ငံအနေဖြင့် လာမည့်ဆယ်စုနှစ်များထိ ဥရောပဘက်ကို နိုင်ငံရေးဆိုင်ရာကတိကဝတ်များဆက်လက်ပေးသွားနိုင်မလားဆိုသော အချက်ပင်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေးပစ္စည်းတင်ပို့မှုသည် ဥရောပနိုင်ငံများအပြင် လွန်ခဲ့သော ငါးနှစ်ကျော်ကာလအတွင်း အရှေ့အလယ်ပိုင်းဒေသသို့တင်ပို့မှုသည် သုံးဆကျော် မြင့်တက်ခဲ့သည်။ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ထိုသို့တိုးမြှင့်ရောင်းချနိုင်မှုသည် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများအနေဖြင့် အမေရိကန်အပြင် အခြားနိုင်ငံများထံမှလည်း ကာကွယ်ရေးပစ္စည်းတင်သွင်းနေမှုကို ထင်ဟပ်ပေါ်လာခြင်းဖြစ်သည်။ အထူးသဖြင့် အာရှနှင့်ဥရောပနိုင်ငံတို့မှ လက်နက်တင်ပို့သူများသည် အမေရိကန်နိုင်ငံ၏ ကာကွယ်ရေးပစ္စည်းများ ဈေးနှုန်းကြီးမားနေမှုနှင့် လက်ရှိဖြစ်ပွားလျက်ရှိသော ဒေသတွင်းပဋိပက္ခများတွင် စစ်ရေးအသုံးစရိတ်များ တိုးမြှင့်သုံးစွဲလာသောကြောင့် လက်နက်များ ပိုမိုရောင်းချခဲ့ရသဖြင့် အကျိုးအမြတ်များရရှိခဲ့သည်။

တောင်ကိုရီးယားသမ္မတလီဂျေးမြောင်၏ အရှေ့အလယ်ပိုင်းခရီးစဉ်အတွင်း တောင်ကိုရီးယားနှင့်အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံတို့အနေဖြင့် လက်နက်ရောင်းချမှုများမှသည် ပူးတွဲသုတေသနပြုမှုနှင့်ဒေသတွင်းထုတ်လုပ်မှုတို့ကို ကျော်လွန်ကာ ကာကွယ်ရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးတိုးချဲ့သွားရန် သဘောတူညီခဲ့ကြသည်။ တောင်ကိုရီးယားသမ္မတလီဂျေးမြောင်သည် နိုဝင်ဘာ ၂၀ ရက်မှ ၂၄ ရက်ထိ အီဂျစ်နှင့်တူကီယဲနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး နှစ်နိုင်ငံကာကွယ်ရေး စက်မှုလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုနှင့် ပူးတွဲထုတ်လုပ်မှုတို့ တိုးမြှင့်သွားနိုင်ရေးမျှော်မှန်းထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် ဥရောပနှင့်အရှေ့အလယ်ပိုင်းဒေသတို့ကို ကာကွယ်ရေးပစ္စည်းများ တိုးမြှင့်ရောင်းချသွားနိုင်မည့် နေရာများအဖြစ် ရည်မှန်းဆောင်ရွက်နေစဉ် နည်းပညာမြင့်မားသော လက်နက်များ တင်ပို့သူအဖြစ်ရပ်တည်နိုင်ရန် အာရုံစိုက်လုပ်ဆောင်လျက်ရှိသည်။ ၂၀၂၃ ခုနှစ်တွင် ထုတ်ပြန်ကြေညာခဲ့သော ကာကွယ်ရေးဆန်းသစ်တီထွင်မှုအစီအစဉ်သည် ကာကွယ်ရေးစနစ်များတွင် AI စတင်အသုံးပြုရေးအတွက် လမ်းညွှန်ချက်များ ချမှတ်ပေးခဲ့သည်။ တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်သည် တောင်ကိုရီးယားနိုင်ငံ၏ အဆင့်မြင့် AI၊ ဒရုန်းများနှင့် စက်ရုပ်များ၏ စွမ်းဆောင်ရည်များကိုလည်း အလေးထားပြောဆိုခဲ့သည်။

အမှန်တော့ နိုင်ငံပေါင်း ၃၅ နိုင်ငံမှ ကုမ္ပဏီ ၆၀၀ ကျော်ပါဝင်ပြသခဲ့သည့် ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် ပြုလုပ်ခဲ့သော တောင်ကိုရီးယားနိုင်ငံတကာအာကာသနှင့် ကာကွယ်ရေးပစ္စည်းပြပွဲ (ADEX)သည် တောင်ကိုရီးယားနိုင်ငံကို AI၊ မောင်းသူမဲ့လေယာဉ်များ၊ အသံလွန်တွန်းကာစနစ်၊ ဒစ်ဂျစ်တယ်အမိန့်ပေး ပေါင်းစပ်ဆောင်ရွက်မှုတို့အပေါ် အလေးထားလုပ်ဆောင်နေမှုများကို ပြသရန် အခွင့်အလမ်းတစ်ရပ်ရရှိစေခဲ့သည်။ တောင်ကိုရီးယားနိုင်ငံတကာအာကာသနှင့် ကာကွယ်ရေးပစ္စည်းပြပွဲကာလအတွင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီး အန်ဂူဘက်သည် အက်စတိုးနီးယားနှင့် ပိုလန်နိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု၊ ပူးတွဲလေ့ကျင့်မှုနှင့် စက်မှုလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုတို့ တိုးမြှင့်ဆောင်ရွက်သွားမည့် တောင်ကိုရီးယားနိုင်ငံ၏ ကတိကဝတ်ကို ထပ်လောင်းအသိပေးပြောကြားခဲ့ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

– South Korea Eyes Defense Exports to Europe, Middle East by The Diplomat.

**ဝင်းဇင်(သုတေသန)**

# ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧက ၃၇၃၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ကလေးဝ ဒီဇင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ဧက ၃၇၃၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၈၅၂၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါး စိုက်ခင်းများကို ယခုနှစ် နိုဝင်ဘာလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၃၇၃၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၄ ဒသမ ၂၆ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ စပါး ၁၈၅၂၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ စပါးခင်းတွေ အခုလက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါး စိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် စပါး စိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာ ပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာ အောက် အချိန်မီရောက်ရှိရေး စသည့် အသိပညာပေးလုပ်ငန်း များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည် ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံ စေမည့်အပြင် ပိုလျှံမှုကို ရောင်းချ နိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်း ကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မိုင်းယောင်းမြို့နယ် ဝမ်တွီကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး


**မိုင်းယောင်း ဒီဇင်ဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်း ယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ဝမ်တွီကျေးရွာ ၌ ကျေးလက် ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေ များကို ဒီဇင်ဘာ ၁၁ ရက် နံနက် ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်သဇင်၊ မိုင်းယောင်းခရိုင် ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းစိုးစိုး၊ မိုင်းယောင်းမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်း နှင့်တာဝန်ခံ အင်ဂျင်နီယာဝန် ထမ်းများက ဝမ်တွီကျေးရွာ၌ အရှည် ၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မရှိ ကျေးလက် ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း နှင့် ၎င်းလမ်းပေါ်တွင် Box Culvert ကုန်ထုတ်တံတား ၃ စင်း တည်ဆောက်ခြင်း လုပ်ငန်း၊ Pipe Culvert ကုန်ထုတ်တံတား ၂ စင်း တည်ဆောက်ခြင်း လုပ်ငန်း များ ရာနှုန်းပြည့် ဆောင်ရွက်ပြီး စီးမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးက ကျေးရွာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဝမ်တွီကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက် လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည် နယ် ခွင့်ပြုရန်ပုံငွေကျပ် ၃၈ဒသမ ၄၄၉၃ သန်းဖြင့် ၂၀၂၄ ခုနှစ် ဩဂုတ်လ စတုတ္ထပတ်မှ စတင် အကောင်အထည်ဖော် ဆောင် ရွက်ခဲ့ရာ ယခုအခါ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်း ပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ် ကြောင်း သိရသည်။

**ချိုသန်းညွှန့်**






အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း-၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂

အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂

အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၁


## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)

## ပြင်ဦးလွင်မြို့နယ် တရားရုံးတော်

## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၈၁

**ဦးရဲသီဟ** **နှင့်** **ဒေါ်ရီရီစန်း**

**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ ဒိုင်လည်ရွာနေ တရားပြိုင် ဒေါ်ရီရီစန်း (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးရဲသီဟက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်(၁၃၈၇)ခုနှစ်၊ နတ်တော်လကွယ်ရက် မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သော အထောက်အထားစာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ပြည့်ဖြိုးသော်)
ဒုတိယမြို့နယ်တရားသူကြီး(၂)
ပြင်ဦးလွင်မြို့နယ်တရားရုံး

**အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

မြင်းမူမြို့၊ **မြောက်ပိုင်း**ရပ်ကွက်၊ ကွင်းအမှတ်(၁-ခ)၊ အကွက်အမည် **တတိုင်းလှ**၊ ဦးပိုင်အမှတ်(၇/၉၂)၊ ဧရိယာ(၀.၆၉)ဧကအနက်မှ (၀.၂၂)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်(၇/၉၃)
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်(၇/၉၁)
(ဂ) တောင်လားသော် - မုံရွာ-မန္တလေးကားလမ်း
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်(၇/၉၄)

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးသက်နိုင်ထွန်း**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၈) ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
မြင်းမူမြို့နယ်မြေစာရင်းဦးစီးဌာန
မြင်းမူမြို့

**သစ်တော မှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ နယ်မြေ(၁)၊ ရပ်ကွက်(၈)နေ ရှိုးချီ (ဘ) ဦးရှောင်ကြိုး(၁၃/လရန(နိုင်)၂၁၈၇၄၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-101658)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-948988881**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်နေ ဦးမြင့်သူ (ဘ) ဦးကျော်လုံး(၉/ကဆန(နိုင်)၀၉၈၀၂၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-2025944**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ နျူကလီးယားစွမ်းအင်သည် ကာဗွန်ထုတ်လွှတ်မှုနည်းပါးသည့် Green Energy တစ်ခုလည်းဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအင်မှ တည်ငြိမ်သောလျှပ်စစ်ဓာတ်အားကို ထုတ်ယူပြီး နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန် ရည်ရွယ်ထား...

❖ မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်စွမ်းအားလိုအပ်ချက်မြင့်မားလျက်ရှိပြီး အသေးစားစက်မှုလုပ်ငန်းများနှင့် ကျေးလက်နေပြည်သူများအတွက် လျှပ်စစ်ဓာတ်အားဖြည့်တင်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ...

❖ ထို့ပြင် နျူကလီးယားနည်းပညာနှင့် ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုကဏ္ဍများတွင် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ကျင်းပပြုလုပ်သည့် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ်၏ မျက်နှာစုံညီထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ဆွေးနွေးမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန(ရန်ကုန်) (Myanmar Art Center-Yangon) အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ နိုင်ငံတကာအဆင့်မီအနုပညာဗဟိုဌာန (ရန်ကုန်) (Myanmar Art Center–Yangon) အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန(ရန်ကုန်) အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းခွင်ယာယီရှင်းလင်းဆောင်၌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဒီမိုကရေစီ ပထမအစိုးရသက်တမ်းတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏လမ်းညွှန်မှာကြားချက်နှင့်အညီ ဂီတ၊ သဘင်များ ဖျော်ဖြေတင်ဆက်နိုင်မည့် ရန်ကုန်မြို့နှင့်

စာမျက်နှာ ၂၀ ကော်လံ ၁ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန(ရန်ကုန်) (Myanmar Art Center–Yangon) တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တာ့ခ်မင်နစ္စတန်နိုင်ငံ အက်ရှ်ဂါဘတ်မြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနှင့် ယုံကြည်မှုနှစ်အထိမ်းအမှတ် နိုင်ငံတကာဖိုရမ်သို့ တက်ရောက်**

စာမျက်နှာ – ၂၁

**မြောက်ဦးဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းမှန်ထုတ်ပြန်ချက်**

စာမျက်နှာ – ၂၆